# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


### ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်၊ ကြာသပတေးနေ့။ Thursday, 25 January 2024 ၁၁၃၅၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




## မြန်မာအမျိုးသားလေကြောင်းလိုင်း၏ Cargo လေယာဉ်အား ကြိုဆိုခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ Boeing 737-800 Freighter လေယာဉ်အား ကြိုဆိုသည့်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။

လေယာဉ်အမှတ် 9M-WCA ၊ Cargo လေယာဉ်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ ထွက်ခွာ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မွန်းလွဲ ၃ နာရီ ၂၅ မိနစ်တွင် ဆိုက်ရောက်ပြီး မြန်မာအမျိုးသားလေကြောင်းလိုင်းမှ တာဝန်ရှိသူများက


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



ယနေ့ ဖတ်စရာ

ပြာသိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးခြားလေးနက်သည့် ရှင်တစ်ထောင် အခါတော်နေ့လည်းဖြစ်သည်။ ထိုသို့ ထူးခြားလေးနက်သည့်နေ့တွင် တုန့်နှိုင်းမဲ့သော မိခင်၏မေတ္တာကို အောက်မေ့ဂုဏ်ပြုရန် အမေများနေ့အဖြစ် သတ်မှတ်ခဲ့

ဆောင်းပါး စာမျက်နှာ » ၆

မှန်မှန်ကန်ကန် စဉ်းစားဆုံးဖြတ်တတ်မှု အနုပညာ

ဆောင်းပါး စာမျက်နှာ » ၁၀

ဗီယက်နမ်နိုင်ငံ၌ ပင်လယ်စာပို့ကုန်မှ ယခုနှစ်အတွင်း ဝင်ငွေ ကန်ဒေါ်လာ ၁၀ ဘီလီယံ အထိ ရရှိရေးမျှော်မှန်းထား

စာမျက်နှာ » ၁၃

ဗုဒ္ဓအကြောင်းသိကောင်းစရာ မှတ်တမ်း

စာမျက်နှာ » ၁၇


## ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနှမ်းစိုက်ဧက ၁၅၇၄၂ ဧက ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ ဇန်နဝါရီ ၂၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ စိုက်ပျိုးခဲ့သည့် ဆောင်းနှမ်းစိုက်ဧက ၁၅၇၄၂ ဧကမှာ ဇန်နဝါရီလဒုတိယပတ်က ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားသုံးဆီဖူလုံစေရေး အထောက်အကူပြုစေရန်အတွက် တစ်မြို့နယ်လုံး ဆောင်းနှမ်းစိုက်ဧက ၆၅၀၀ လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ မြေပြင်စိုက်ပျိုးနိုင်မှု ၁၅၇၄၂ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ ဆီထွက်သီးနှံ နှမ်းစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး အသီးများရင့်မှည့်လာပြီဖြစ်၍ ဒေသခံတောင်သူများက နွေသီးနှံပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဒီဇင်ဘာလ တတိယပတ်ကစပြီး စတင်ရိတ်သိမ်းခဲ့ရာ ယခုလ ၁၅ ရက်တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖




ကြေးမုံ

# ဆင်းရဲဒုက္ခချုပ်ငြိမ်း ပြာသိုလပြည့်နေ့

၁၂ လရာသီ လပြည့်အခါသမယ၌ ထူးမြတ်သောအမှုတို့ ပေါ်ထွန်းလာကြသည်။ ယနေ့ပြာသိုလပြည့်နေ့တွင် မြတ်စွာဘုရားရှင်သည် နေရဥ္စရာမြစ်ကမ်းဘေးရှိ ဥရုဝေလတောအုပ်တွင် နေထိုင်ကြသော ဥရုဝေလကဿပ၊ နဒီကဿပနှင့် ဂယာကဿပတို့ဦးဆောင်သော ဇဋိလ ရဟန်းတစ်ထောင်တို့ကို အာဒိတ္တပရိယာယ သုတ်တော်ကို ဟောကြားတော်မူရာ ရဟန်းတစ်ထောင်တို့ ရဟန္တာဖြစ်ကြသည်။

မြတ်စွာဘုရားရှင်က ရသေ့များသည် သူတို့ကိုယ်သူတို့ ရဟန္တာဟု အထင်ရောက်သူများဖြစ်သည်ကိုသိသလို သူတို့ကျင့်သုံးသောအကျင့်သည်လည်း ရဟန္တာဖြစ်စေနိုင်သော အကျင့်မဟုတ်ကြောင်းလည်း သိတော်မူသည်။ ရသေ့တစ်ထောင်လုံး ရဟန္တာဖြစ်ရန် ပါရမီရှိသော်လည်း ကျွတ်တမ်းဝင်ရန် ဣန္ဒြေမရင့်ကျက်သေးသဖြင့် မြတ်စွာဘုရားက ရသေ့များနှင့်အတူ သီတင်းသုံး၍ တရားပြဟောပြောလေသည်။ မြတ်စွာဘုရား၏ အဆုံးအမစကားကို ကြားရသောအခါ ဣန္ဒြေရင့်ကျက်လာကြပြီး မိမိတို့အမှားကို ဝန်ခံကန်တော့ကြသည်။

ရသေ့တို့သည် ပေါင်းဆုံမှုဖဿဖြစ်လာသည်။ ဖဿကြောင့် ဝေဒနာဖြစ်လာသည်။ ဝေဒနာသာယာဖွယ်ဖြစ်လာလျှင် တဏှာဖြစ်လာသည်။ ဝေဒနာသည် မနှစ်သက်ဖွယ်ဖြစ်ပါက ဒေါသဖြစ်လာသည်။ သာယာဖွယ်၊ မသာယာဖွယ်ကိုပင် မဝေခွဲတတ်အောင် တွေဝေပါက မောဟဖြစ်လာသည်။ အာရုံနှင့်သိစိတ်များဖြစ်ပေါ်မှုနှင့်ပတ်သက်၍ မဖြစ်ချင်လည်းမရ၊ အကြောင်းပြည့်စုံလျှင် ဆိုင်ရာစိတ်ဖြစ်လာသည်။ မအိုချင်၍မရ၊ အကြောင်းပြည့်စုံလျှင် အိုမင်းလာရသည်။ မပျက်စီးချင်၍မရ ပျက်စီးကြရမည်သာဖြစ်သည်။ ဖြစ်ခြင်းသည် ဇာတိ၊ အိုမင်းခြင်းသည် ဇရာ၊ ပျက်စီးခြင်းသည် မရဏဟူသောသဘောကို ဟောတော်မူသည်။

ဤသို့ဖြင့် မိမိတို့၏ ဒွါရခြောက်ပါး၌ အာရုံခြောက်ပါးတို့သည် နှလုံးသွင်းမှုကို အကြောင်းပြုကာ ဆိုင်ရာ သိစိတ်ခြောက်ပါး ဖြစ်ပေါ်လာရသည်။ အာရုံနှင့် သိစိတ်ဝိညာဉ်တို့ပေါင်းစုံမှု ဖဿဖြစ်လာသည်။ ဖဿကြောင့် ဝေဒနာဖြစ်လာသည်။ ပေါ်လာသောဝေဒနာကို သာယာမိပါက တဏှာလောဘမီးလောင်သည်။ မသာယာသောဝေဒနာဖြစ်သော် ဒေါသမီးလောင်သည်။ တွေဝေမှု မသိမှုကြောင့် မောဟမီးလောင်သည်။ အာရုံနှင့် ဝိညာဉ်တို့ပေါင်းစုံမှု ဖဿကြောင့် ဇာတိ၊ ဇရာ၊ မရဏဟူသော မီးသုံးပါးသည် လောင်မြိုက်ပြန်သည်။

ပုထုဇဉ်တို့တွင် အဆိုပါမီးခြောက်ပါးကို အကြောင်းပြု၍ စိုးရိမ်မှုသောက၊ ငိုကြွေးမှု ပရိဒေဝ၊ ဆင်းရဲမှုဒုက္ခ၊ နှလုံးမကြည်သာမှု ဒေါမနဿနှင့် ပူဆွေးမှု ဥပါယာသ စသည့်မီးငါးပါးတို့ လောင်မြိုက်ရသည်။ အဆိုပါ မီးတစ်ဆယ့်တစ်ပါးတို့သည် ဘဝတစ်ခု၏ သံသရာဖြစ်သည်။ အဆိုပါ မီးတစ်ဆယ့်တစ်ပါးကို ငြိမ်းသတ်လိုပါက ဘဝသံသရာမလည်ရေးသာလုပ်ကြရသည်။ ဘဝမဖြစ်လျှင် ဇာတိမဖြစ်၊ ဇာတိမဖြစ်လျှင် ဇရာမဖြစ်၊ ဇရာမဖြစ်လျှင် မရဏမဖြစ်နိုင်တော့ရာ ဆင်းရဲဒုက္ခချုပ်ငြိမ်းရာ မြတ်နိဗ္ဗာန်သို့ တက်လှမ်းနိုင်ရေး ကြိုးစားအားထုတ်ကြသည်။

ထိုသို့ ဘဝသစ်တစ်ဖန် မဖြစ်ပေါ်စေရန်အတွက် ပဋိစ္စသမုပ္ပာဒ်၏ ပဋိလောမနည်းဖြင့် အာဒိတ္တပရိယာယသုတ်ကို မြတ်စွာဘုရားရှင် ဟောကြားတော်မူသောအခါ ရသေ့ရဟန်းတစ်ထောင်တို့ အာသဝေါကင်း၍ ရဟန္တာဖြစ်လာကြသည်။ ထိုသို့ပြာသိုလပြည့်နေ့တွင် အာဒိတ္တပရိယာယသုတ်ကိုနာယူပြီး ရဟန္တာတစ်ထောင်ဖြစ်လာကြသည်ကိုအကြောင်းပြု၍ ပြာသိုလပြည့် ရှင်တစ်ထောင်နေ့ဟု ခေါ်ဆိုခဲ့ကြသည်။ ဤပြာသိုလပြည့်နေ့သည် ဒုက္ခခပ်သိမ်းကင်းငြိမ်းရာအမှန် နိဗ္ဗာန်သို့ ညွှန်သဖြင့် ထူးမြတ်လှသည်။

၁၂ လရာသီ လပြည့်ကာလများတွင် မြတ်စွာဘုရားရှင်နှင့် ဆိုင်ရာဆိုင်ရာ ထူးမြတ်သော ဒေသနာတော်များ ပေါ်ထွန်းလေ့ရှိသည်။ ထူးမြတ်သည့် လပြည့်နေ့နှင့်အတူ အများသူငါ ကုသိုလ်ထူးများပြုလုပ်ခြင်းနှင့် ခမ်းနားဆင်ယင်ခြင်းများ ထူးကဲစွာပြုလုပ်ကြသည်။ သီတင်းကျွတ်လပြည့်နေ့၊ ဝါဆိုလပြည့်နေ့၊ တပေါင်းလပြည့်နေ့စသည်ဖြင့် ကြီးကျယ်ခမ်းနားစွာပြုလုပ်ကြသည်။ ဤပြာသိုလပြည့်နေ့နှင့်ပတ်သက်၍ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ထူးကဲမွန်မြတ်သော ဒေသနာတရားတော်သည်ကား ကျယ်ကျယ်ပြန့်ပြန့် မရှိလှသေးပေ။

အမှန်တကယ်တွင် ရဟန်းတော်များသာမက ပုထုဇဉ်လူသားအပေါင်းတို့ ဘဝသံသရာမပြတ် ကြုံတွေ့ကြရသည့် ဒုက္ခခပ်သိမ်းကင်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ တက်လှမ်းနိုင်သည့် သုတ္တန်ဒေသနာတော်ကို ပြာသိုလပြည့်နေ့တွင် ရှင်းလင်းလွယ်ကူစွာ နာကြားကြရခြင်းဖြင့် မလွဲမသွေကြုံတွေ့ကြရမည့် ဇာတိ၊ ဇရာ၊ မရဏဟူသည့် ဒုက္ခဆင်းရဲများ ကင်းငြိမ်းချုပ်ပျောက်၍ ချမ်းသာအစစ်ကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၁ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၂၆၅ | ၂,၃၀၅,၅၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁၁,၇၄၆ | ၃၄,၀၃၃,၄၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၆၁ | ၉၄,၅၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၂၀၁ | ၅၀၂,၅၀၀ |
| EFR | ၁,၉၀၀ | ၁,၉၀၀ | ၄၉၀ | ၉၃၁,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၁ | ၉၈,၇၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၅,၀၀၁ | ၈,၅၀၁,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ပန်းတိုင်ဆီ။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ တပ်မတော်အတွင်း အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးအတွက် Country Task Force on Monitoring and Reporting–CTFMR နှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

✪ ရှေ့ဖုံးမှ

ကြိုဆိုပွဲအခမ်းအနားကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**၂၂ တန်ခန့် သယ်ဆောင်နိုင်**

အဆိုပါလေယာဉ်ကို မြန်မာအမျိုးသားလေကြောင်း၏ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးလေကြောင်းခရီးစဉ်များတွင် အသုံးပြုပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး တန်ချိန်အားဖြင့် ၂၂ တန်ခန့် သယ်ဆောင်နိုင်မည့်အပြင် ပုံမှန်လေကြောင်းခရီးစဉ်တွင် သယ်ဆောင်၍မရသော Dangerous Goods များလည်း ပို့ဆောင်နိုင်မည်ဖြစ်သည်။ Boeing 737–800 Freighter လေယာဉ်အမှတ် 9M–WAC သည် ရန်ကုန်မြို့မှ အခြေပြု၍ အရှေ့တောင်အာရှနိုင်ငံများသို့ ကုန်ပစ္စည်းသယ်ယူပို့ဆောင်သည့် ခရီးစဉ်များကို ပိုမိုချဲ့ထွင်ပျံသန်းပို့ဆောင်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်းစဉ်**



## အသင်းသား အသင်းသူများက ရွှေဈေးနှုန်းကို ထိန်းထိန်းသိမ်းသိမ်းရောင်းဝယ်ကြရန် YGEA ပန်ကြားထား

ရန်ကုန် ဇန်နဝါရီ ၂၄

အသင်းသား အသင်းသူများအနေဖြင့် ရွှေဈေးနှုန်းကို ထိန်းထိန်းသိမ်းသိမ်းရောင်းဝယ်ကြရန် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA ) က ပန်ကြားလွှာထုတ်ပြန်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ အသင်းသားအသင်းသူများအား ရွှေဈေးနှုန်းကို ထိန်းထိန်းသိမ်းသိမ်းရောင်းဝယ်ပေးကြရန်နှင့် အရောင်းအဝယ်ပြုလုပ်ရာတွင်လည်း လက်ငင်းဖြင့်သာအရောင်းအဝယ်ပြုလုပ်ပြီး ပို၍ရောင်းခြင်း၊ ဝယ်ခြင်း လုံးဝမပြုလုပ်ရန် YGEA က ပန်ကြားထားခြင်းဖြစ်သည်။

အသင်းသား အသင်းသူများ အွန်လိုင်းမှ အစွန်ဆုံးရွှေအရောင်းအဝယ်ပြုလုပ်နိုင်ရေးအတွက် YGEA အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) ဦးအောင်ကောင်းမြတ်နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး(၃) ဦးနေမျိုးထက်တို့က ဇန်နဝါရီ ၂၃ ရက် မွန်းလွဲပိုင်းက UAB ဘဏ်မှ နည်းပညာကျွမ်းကျင်သူများနှင့် တွေ့ဆုံဆွေးနွေးထားကြောင်းလည်း သိရသည်။

အလားတူ UAB Pay ဖြင့် ရွှေဘုံသာ အခေါက်ရွှေဆိုင်မှ မီးလင်းရွှေများ ဝယ်ယူစုဆောင်းနိုင်ပြီး ယခုအခါ Onepay Application ဖြင့် အကယ်ဒမီမီးလင်းရွှေများ စုဆောင်း၍ အရောင်းအဝယ်ပြုလုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Application ဖြင့် အွန်လိုင်းမှ ရွှေဝယ်ယူစုဆောင်းလိုသူများအနေဖြင့် YGEA အသင်းရုံးသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **MT**

---

❖ ပွင့်ဖြူမြို့နယ်မှ

"ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ သတ်မှတ်လျာထားဧကထက် ပိုမိုကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေသီးနှံ အစားထိုး ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဒီဇင်ဘာ တတိယပတ်လောက်ကစပြီး ဒေသခံတောင်သူတွေက ရိတ်သိမ်းခဲ့ရာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ ဆောင်းနှမ်းအထွက်နှုန်းအနေနဲ့က တစ်ဧကကို ပျမ်းမျှ ၈ ဒသမ ၂၅ တင်းခန့်ထွက်ရှိပြီး နှမ်းဈေးကောင်းရရှိလို့ တောင်သူတွေ သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီများတွင် ဒေသခံတောင်သူများက သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေး၊ ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ဈေးကွက်ရှိသည့် နှမ်း၊ မြေပဲ၊ နေကြာ၊ ပန်းနှမ်း၊ ဖွဲစားပြောင်း၊ ကြံသီးနှံနှင့် အခြားပဲမျိုးစုံသီးနှံများကို အားထားစိုက်ပျိုးကြကြောင်းသိရပြီး ယခုနှစ်တွင် ဆောင်းနှမ်းစိုက်ပျိုးမှုအနေဖြင့် သတ်မှတ်လျာထားဧကထက် ပိုမိုကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

---

## ဂျပန်ကွန်တိန်နာကျ ကစားစရာအရုပ်များ ဈေးကွက်တွင် အရောင်းသွက်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၄

ဂျပန်ကွန်တိန်နာကျ ကလေးကစားစရာအရုပ်များမှာ ဈေးကွက်တွင် အရောင်းသွက်လျက်ရှိပြီး အဝယ်လိုက်လျက်ရှိကြောင်း အရုပ်ရောင်းဝယ်ရေး အသိုင်းအဝိုင်းမှ သိရသည်။

**အဝယ်လိုက်**

ဂျပန်ကွန်တိန်နာကျ ကလေးကစားစရာအရုပ် ဈေးကွက်တွင် အသစ်လိုင်းနှင့် အဟောင်းလိုင်းဟူ၍ နှစ်မျိုးရှိသည့်အနက် ဂျပန်တွင် အသုံးပြုပြီး ပြန်လည်တင်သွင်းလာသည့် အဟောင်းလိုင်းမှ အရုပ်များမှာ ဈေးကွက်တွင် ပေါက်လျက်ရှိပြီး အဝယ်လိုက်လျက်ရှိကြောင်း သိရသည်။

"ကလေးကစားစရာဈေးကွက်ကတော့ အသစ်လိုင်းရှိတယ်၊ အဟောင်းလိုင်းရှိတယ်။ သုံးပြီးသားကျတော့ ဘာပဲပြောပြော ဈေးလေး နည်းနည်းကြီးပေမယ့် ကွာလတီကောင်းကောင်းလေး တွေ့ရတယ်။ ဈေးကွက်ကတော့ပေါက်တယ်။ ဂျပန်ကွန်တိန်နာကျတွေထဲက ဈေးကွက်ပေါက်တဲ့ အမျိုးအစားတွေကတော့ ကလေးကို အန္တရာယ်မဖြစ်စေတဲ့ အဝတ်နဲ့လုပ်ထားတဲ့ အရုပ်လေးတွေပါ။ ကာတွန်းဇာတ်ကောင်လေးတွေများတယ်။ အဲဒါမျိုးတွေ အဝယ်လိုက်တယ်။ တချို့ ကာတွန်းဇာတ်ကောင်လေးတွေ ထဲပါတဲ့ အရုပ်လေးတွေကျ ဈေးနည်းနည်း မြောက်ပါတယ်။ ထုတ်ထားတဲ့ ကွာလတီက တော်တော်ကောင်းတယ်။ အရုပ်အသားက တကယ့်အကောင် အစစ်လေးတွေအတိုင်းပဲ။ ကလေးတွေလည်းကြိုက်တယ်။ တရုတ်ကလည်းလုပ်တယ်။ ဂျပန်အရုပ်က ကွာလတီ၊ အချိုးအစား ပိုပြီးပြေပြစ်တယ်" ဟု မေ့သမီး အရုပ်ကမ္ဘာ ဂျပန်ကွန်တိန်နာကျ ကလေးကစားစရာ အရုပ်ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းအရုပ် ဈေးကွက်မှာ အစားစားရှိပြီး အနိမ့်ဆုံး ငွေကျပ် ၂၀၀၀ မှ အမြင့်ဆုံး ငွေကျပ် ၂၀၀၀၀ ခန့်အထိ ဈေးကွက်ပေါက်လျက်ရှိကြောင်း သိရသည်။

" ဈေးနှုန်းကတော့ အစားစားပဲ။ ငွေကျပ် ၂၀၀၀ ကျော် အသေးလေးတွေကနေစပြီးတော့ တစ်ခါတလေ လေး၊ ငါးထောင် အကြီးကြီးတွေအထိရှိတယ်။ ဘာပဲပြောပြောတန်တယ်။ ကလေးတွေ ဘယ်လိုဆော့ဆော့ ရတယ်။ တစ်သောင်းခွဲ၊ နှစ်သောင်း အမြင့်ဆုံးအထိရှိတယ် " ဟု ၎င်းက ဆက်ပြောသည်။



**သစ်တော်**

# ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကော်မတီအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးနှင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးစေရေးတို့အတွက် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော စံချိန်စံညွှန်းပြည့်ဝသည့် ဓာတ်မြေသြဇာများနှင့် ပိုးသတ်ဆေးများကို ဈေးနှုန်းသက်သာစွာဖြင့် ရာသီချိန်အမီ ဖြန့်ဖြူးရောင်းချပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။




ယင်းသို့ဆောင်ရွက်ပေးရာတွင် အားနည်းချက်များအနေဖြင့် နိုင်ငံတကာဈေးနှုန်းများ မြင့်တက်ချိန်တွင် ကုမ္ပဏီများက စာချုပ်ချုပ်ဆိုထားခြင်း၊ ဈေးနှုန်းသက်သာချိန်တွင် လိုအပ်သလောက် မဝယ်ယူနိုင်ခြင်း၊ ကုမ္ပဏီများအနေဖြင့် သွင်းအားစုများကို တင်သွင်းလိုသူများပြီး သက်ဆိုင်ရာဌာနများက သွင်းကုန်လိုင်စင်ပေါင်းများစွာအတွက် စိစစ်ဆောင်ရွက်ပေးနေရခြင်း၊ ယှဉ်ပြိုင်မှုမရှိခြင်းစသည့် အချက်များကို တွေ့ရှိရပါကြောင်း။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ရာသီအလိုက်၊ လအလိုက် လိုအပ်ချက်စာရင်းများကို စိုက်ပျိုးရေးဦးစီးဌာန၏ မြေသြဇာအသင်းတို့က ပေးပို့ပေးရန်၊ တင်သွင်းမည့် အစီအစဉ် Plan ကို ပြုစုတင်ပြပေးရန်၊ သွင်းအားစုများအချိန်မီရရှိရေး၊ အရည်အသွေးပြည့်မီရေးနှင့် ဈေးနှုန်းသက်သာအောင် ကြီးကြပ်ဆောင်ရွက်ပေးရန်၊ အချိန်မီအောင် ယခုကတည်းက ကြိုတင်ပြင်ဆင် ဆွေးနွေးဆောင်ရွက်ထားရန်၊ ဈေးနှုန်းသက်သက်သာသာဖြင့် ဖြန့်ဖြူးနိုင်ရေးအတွက် ဖြန့်ဖြူးရေးတင်ဒါကိုဈေးပြိုင်စနစ်ဖြင့်စတင်ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်တို့ကို အကြံပြုချက်များအနေဖြင့်ပြောကြားလိုကြောင်း၊ အရည်အသွေးအာမခံကိစ္စအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဥပဒေနှင့်အညီ စစ်ဆေးပေးနေသော်လည်း ဦးဆောင်ကော်မတီတာဝန်ရှိသူများက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်အညီ အလေးချိန်ပြည့်မီအောင်၊ အရည်အသွေးမှန်ကန်အောင် ရန်ကုန်အထိုင်စစ်ဆေးပေးခြင်း၊ ဖြန့်ဖြူးမည့်ဒေသများတွင် Spot Check အနေဖြင့် စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးရန်လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှုနှင့် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ကိုယ်စားလှယ်က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုးတို့က လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြပြီး ဦးဆောင်ကော်မတီအဖွဲ့ဝင် ဦးစီးဌာနကိုယ်စားလှယ်များက ဝိုင်းဝန်းအကြံပြုရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဓာတ်မြေသြဇာကို ပြည်တွင်း MIC ခွင့်ပြုချက်ရရှိပြီး စက်ရုံများအတွက် ကုန်ကြမ်းမှာယူထုတ်လုပ်မှု ဈေးသက်သာကာ အလုပ်အကိုင်အခွင့်အလမ်း ရရှိမည့်အတွက် အားပေးပါကြောင်း၊ ဓာတ်မြေသြဇာ သုံးစွဲမှုလျှော့ချပြီး သဘာဝမြေသြဇာ ထုတ်လုပ်သုံးစွဲနိုင်ရေး တိုးမြှင့်ဆောင်ရွက်ရန်၊ တင်သွင်းမည့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် ကုန်ကြမ်းများ အချိန်မီရောက်ရှိရေး ကြိုတင်ပြင်ဆင်ထားရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အလယ်တန်းအဆင့် အောင်မြင်ပြီး ကျောင်းသားကျောင်းသူများအတွက် မွေးမြူရေးအတတ်ပညာ သင်ယူနိုင်မည့် အခွင့်အလမ်းများဆွေးနွေး

**သထုံ ဇန်နဝါရီ ၂၄**

မွန်ပြည်နယ် သထုံမြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အလယ်တန်းအဆင့် (Grade-9) ပြီးမြောက်အောင်မြင်သည့် ကျောင်းသားကျောင်းသူများအတွက် မွေးမြူရေးအတတ်ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ ချပြရှင်းလင်းခြင်းနှင့် ခွေးရူးရောဂါ အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းတို့ကို ယနေ့ နံနက်က အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း လှမဋ္ဌူခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း အုပ်ဆရာမကြီး ဒေါ်သီတာကြည်က အလယ်တန်းအဆင့် အောင်မြင်ပြီး ကျောင်းသားကျောင်းသူများအတွက် ပညာဆက်လက်သင်ယူနိုင်မည့် နည်းလမ်းလေးသွယ်တို့ကို ရှင်းလင်းအမှာစကား ပြောကြားသည်။

ယင်းနောက် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသက်နိုင်က Grade-9 အောင်မြင်ပြီးပါက စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေးကျောင်းသို့ တက်ရောက်ပြီး မွေးမြူရေးဘာသာအထူးပြု သင်ယူသူများအတွက် သင်ကြားပေးနေမှုပုံစံများနှင့် အသက်မွေးဝမ်းကျောင်းနိုင်မှု အခွင့်အလမ်းများစသည်တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားကာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာခွန်မင်းမောင်က ခွေးရူးရောဂါဆိုင်ရာ သိကောင်းစရာတို့ကို ဆွေးနွေးဟောပြောကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ဒုတိယဝန်ကြီး ဦးမြင့်စိုး ဘားအံ / ကော့ကရိတ်မှ ခေတ်မီမော်တာစက်ချုပ် အခြေခံသင်တန်းသူများကို တွေ့ဆုံအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့သွားရောက်ပြီး သင်တန်းခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် ခေတ်မီမော်တာစက်ချုပ် အခြေခံသင်တန်း တက်ရောက်နေသည့် သင်တန်းသူများကို တွေ့ဆုံအားပေး၍ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ဘားအံမြို့နယ် ထော့ဖားထော့ကျေးရွာ၊ ကော့တာမွန် ကျေးရွာ၊ မုက္ကဒိကျေးရွာတို့မှ သင်တန်းသူ ၂၀၊ ကော့ကရိတ်မြို့ ရပ်ကွက် (၄) နှင့် (၇) တို့မှ သင်တန်းသူ ၁၀ ဦး စုစုပေါင်း ကရင်၊ ပအိုဝ်းတိုင်းရင်းသူ ၃၀ တက်ရောက်လျက်ရှိသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ သမဝါယမဦးစီးဌာနရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးများသို့ သွားရောက်၍ ပြည်နယ်နှင့်မြို့နယ်အဆင့်ဝန်ထမ်းများနှင့် တွေ့ဆုံကာ ယာယီတိုက်ပွဲရှောင်ဒေသများမှ တွဲဖက်ထားသော ဝန်ထမ်းများ၏ နေထိုင်စားသောက်ရေးကိစ္စများ အဆင်ပြေ/ မပြေ၊ မိသားစုဝင်များ အခက်အခဲရှိ/ မရှိ တွေ့ဆုံမေးမြန်း ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများ မိမိဘဝတိုးတက်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေကြိုးစားရန်၊ ဌာနတွင်း စည်းလုံးညီညွတ်မှု တည်ဆောက်၍ ဝန်ကြီးဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် လုံခြုံရေးသတိ၊ ကျန်းမာရေးအသိဖြင့် နေထိုင်သွားလာကြရန် မှာကြားခဲ့ကြောင်း သိရသည်။




သတင်းစဉ်

## လှည်းကူးမြို့နယ်၌ မျက်စိဝေဒနာရှင်များနှင့် မိသားစုဝင်များအား ရေသန့်နှင့်အာဟာရမှုန့်များပေးအပ်

**လှည်းကူး ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လှည်းကူးမြို့နယ်မှ မျက်စိဝေဒနာရှင်များအား ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးများက ကုသခွဲစိတ်ပေးသွားမည်ဖြစ်ပြီး ယနေ့နံနက်ပိုင်းက လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ကုသမှုခံယူရန် ဒေါ်ခင်ကြည် အမျိုးသမီးဆေးရုံကြီးသို့ သွားရောက်ကြမည့် မျက်စိဝေဒနာရှင်များနှင့်မိသားစုဝင်များအား ရေသန့်နှင့်အာဟာရမှုန့်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ကျန်းမာရေးဝန်ထမ်းများ၊ မျက်စိလူနာ ၄၃ ဦးနှင့် မိသားစုဝင်များအား ရေသန့်နှင့်အာဟာရမှုန့်များ ပေးအပ်ခဲ့ကြကြောင်းလည်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ကြက်တောင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ Boxing Indoor Stadium လက်ဝှေ့အားကစားရုံနှင့်သက်ဆိုင်ရာ အားကစားနည်းအလိုက် သတ်မှတ်ထားသည့် ကွင်းရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ယနေ့ Indoor Stadium (C) ရုံတွင် ကြက်တောင်ပြိုင်ပွဲ တတိယနေရာနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ကျင်းပရာ ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ အုပ်ချုပ်သူနည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ ကြည့်ရှုအားပေးသည်။



ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးတစ်ဦးချင်း တတိယဆုကို တောင်ကြီးဇုန်၊ ဒုတိယဆုကို ရန်ကုန်အရှေ့ပိုင်းဇုန်နှင့် ပထမဆုကို ကျိုင်းတုံဇုန်တို့က ရရှိကြရာ ဆုများကို နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ အမျိုးသမီးအသင်းလိုက် တတိယဆုကို တောင်ကြီးဇုန်၊ ဒုတိယဆုကို ရန်ကုန်အရှေ့ပိုင်းဇုန်နှင့် ပထမဆုကို ကျိုင်းတုံဇုန်တို့ကရရှိကြရာ ဆုများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ အမျိုးသားတစ်ဦးချင်း တတိယဆုကို ရန်ကုန်အနောက်ပိုင်းဇုန်၊ ဒုတိယဆုကို ရန်ကုန်အရှေ့ပိုင်းဇုန်နှင့် ပထမဆုကို တောင်ကြီးဇုန်တို့က ရရှိကြရာ ဆုများကို ဒုတိယဝန်ကြီးကလည်းကောင်း၊ အမျိုးသားအသင်းလိုက် တတိယဆုကို ကျိုင်းတုံဇုန်၊ ဒုတိယဆုကို မကွေးဇုန်နှင့် ပထမဆုကို ရန်ကုန်အနောက်ပိုင်းဇုန်တို့က ရရှိကြရာ ဆုများကို ပြည်ထောင်စုဝန်ကြီးက လည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ပြီး ကြက်တောင်ပြိုင်ပွဲဝင် အားကစားမောင်မယ်များနှင့် နည်းပြများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပအတွေ့အကြုံများ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ပအစည်းအဝေး အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများသို့ တက်ရောက်လေ့လာခဲ့ကြသော ဝန်ထမ်းများ၏ သင်ယူလေ့လာနိုင်မှု စွမ်းရည်များကို အကဲဖြတ်နိုင်ရန်နှင့် ယင်းတို့၏ အတွေ့အကြုံများ၊ နည်းပညာဗဟုသုတများ ပြန်လည်မျှဝေနိုင်ရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြည်ပအတွေ့အကြုံ ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်ပအတွေ့အကြုံများ ရှင်းလင်းဆွေးနွေးပွဲကို ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဆွေးနွေးပြောကြား**

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြည်ပဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်များနှင့် သင်တန်းတက်ရောက်ခဲ့ကြသူများ အနေဖြင့် အတွေ့အကြုံ ရှင်းပြရုံသက်သက်မျှမဟုတ်ဘဲ ကိုယ်တိုင်ထိုးထွင်းသိမြင်တတ်မှု၊ သုံးသပ်ဆင်ခြင်တတ်မှု၊ တီထွင်ဖန်တီးနိုင်မှုတို့ဖြင့် မိမိတို့ တာဝန်ယူထားကြသည့် ကဏ္ဍများမှနေ၍ စိုက်ပျိုးမွေးမြူရေးကဏ္ဍကြီး ပြောင်းလဲတိုးတက်ရေး ကြိုးပမ်းမှုတွင် တစ်ထောင့်တစ်နေရာက ပါဝင်အကျိုးပြုသွားကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။

အတွေ့အကြုံ ရှင်းလင်းပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် အကြိမ် (၂၀) မြောက် "တရုတ်-အာဆီယံ ကုန်စည်ပြပွဲ" အတွေ့အကြုံ၊ "ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် ပါဝင်သည့် နိုင်ငံများနှင့် စိုက်ပျိုးရေးထုတ်ကုန်များ ကုန်သွယ်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ နှီးနှောဖလှယ်ပွဲ" အတွေ့အကြုံများ၊ ဖိလစ်ပိုင်နိုင်ငံတွင် တက်ရောက်လေ့လာခဲ့သည့် "အစားအစာများတွင် ဆေးကြွင်းများ၏ ဘေးအန္တရာယ် ဖြစ်နိုင်မှုအား စောင့်ကြည့်စစ်ဆေးခြင်း ဒေသဆိုင်ရာသင်တန်း"၊ ဂျပန်နိုင်ငံသို့ သွားရောက် ဆည်းပူးခဲ့သည့် "အစားအစာသိပ္ပံနှင့် ဇီဝနည်းပညာ ဘာသာရပ်ဆိုင်ရာ မဟာသိပ္ပံဘွဲ့ သင်တန်း"၊ "စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ငါးလုပ်ငန်းဆိုင်ရာ မဟာသိပ္ပံဘွဲ့သင်တန်း" နှင့် "ဇီဝသိပ္ပံနှင့်ဇီဝနည်းပညာဆိုင်ရာ မဟာသိပ္ပံဘွဲ့ သင်တန်း" အတွေ့အကြုံများ၊ လေ့လာခဲ့သည့် ဘာသာရပ်အလိုက် နည်းပညာများနှင့် မြန်မာနိုင်ငံတွင် လက်တွေ့အကျိုးရှိစွာ အသုံးချနိုင်မည့် နည်းပညာရပ်ဆိုင်ရာ သုံးသပ်ချက်များကို သက်ဆိုင်ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် ပညာတော်သင် ဝန်ထမ်းများက ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆွေးနွေးပွဲတက်ရောက်လာကြသူများက ဝိုင်းဝန်းသုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်မရောမြို့နယ်၌ အဆောက်အအုံစာရင်းသွင်းခြင်း ဆောင်ရွက်

ကျိုက်မရော ဇန်နဝါရီ ၂၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၂၆ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း (သန်းခေါင်စာရင်းယူနစ်) အဆောက်အအုံစာရင်းသွင်းခြင်း ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ကျိုက်မရောမြို့နယ် ရှင်စောပုရပ်ကွက် (၁)မှ စတင် ဆောင်ရွက်သည်။

ထိုသို့ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အဆောက်အအုံစာရင်းသွင်းခြင်း ဆောင်ရွက်ခြင်းကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်စိုးစိုးဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် တိုင်းဒေသကြီး/ ပြည်နယ်များသို့ မြို့ပြရပ်ကွက်များတွင် သန်းခေါင်စာရင်းယူနစ်များ ရေးဆွဲခဲ့ပြီး အဆောက်အအုံများ၏တည်နေရာ၊ အရေအတွက်၊ အမျိုးအစား၊ အသုံးပြုမှုနှင့် လူနေထိုင်သောအိမ်ထောင်စုအရေအတွက်တို့ကို မှတ်တမ်းတင် သိရှိနိုင်ရန်အတွက် အဆောက်အအုံစာရင်းတင်ခြင်း လုပ်ငန်းဆောင်ရွက်ရန် ကျိုက်မရောမြို့နယ်အတွင်း၌ ကောက်ကွက် (၁၃) ကွက်အား ဇန်နဝါရီလမှ မတ်လအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မိချို (ပြန်/ဆက်)**



# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး၊ အိမ်ခြံမြေအကျိုးဆောင်နှင့် အဖိုးတန်သတ္တု (ရွှေ)လုပ်ငန်း လုပ်ကိုင်သူများဆိုင်ရာ သင်တန်းဖွင့်လှစ်



မော်လမြိုင် ဇန်နဝါရီ ၂၄

မော်လမြိုင်ခရိုင် မော်လမြိုင်မြို့တွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး၊ အိမ်ခြံမြေအကျိုးဆောင်နှင့် အဖိုးတန်သတ္တု (ရွှေ)လုပ်ငန်း လုပ်ကိုင်သူများဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေမြိုင်ခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးတင်ပြ**

အခမ်းအနားတွင် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြတ်ယုက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဝင်များက ဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါသင်တန်းတွင် အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းများနှင့် အဖိုးတန်သတ္တု (ရွှေ)ရောင်းဝယ်မှုလုပ်ငန်းများအတွက် လိုက်နာဆောင်ရွက်မှု စစ်တမ်းလွှာဘာသာရပ်၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဘာသာရပ်၊ ကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်နှင့် အသိအမှတ်ပြုမှတ်ပုံတင်အဖွဲ့တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ သတင်းပို့အဖွဲ့အစည်းများနှင့်တာဝန်များ၊ အသိအမှတ်ပြုမှတ်ပုံတင်လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှ ကြီးကြပ်ရေးအာဏာပိုင်သို့ လစဉ်တင်ပြရမည့် အစီရင်ခံစာပုံစံများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၇၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# အနန္တကျေးဇူးရှင် မိခင်များနေ့

မျိုးငြိမ်းငယ်

**ဟေမန္တဆောင်းရာသီ၏ အလယ်ဗဟိုတွင်ကျသော ပြာသိုလသည် အလွန်ချမ်းအေးသည့်လဖြစ်၏။ ထို့ကြောင့် ပြာသိုလကို ငွေနှင်းစိုစို လပြာသိုဟု တင်စားကြလေ့ရှိသည်။**

**"တိမ်ခြေငယ် ရှင်းပါလို့၊ မြူနှင်းငယ်စိုစို၊ လပြာသိုလ်၊ နွယ်ခွာညို ကြိုင်ကြိုင်နှင့်၊ လှိုင်လှိုင်သင်းတဲ့ လကိုလေး" ဟု မဟာအတုလမင်းကြီးက ပြာသိုလကို စပ်ဆိုခဲ့သည်။ တိမ်ခြေကင်း၍ သာယာသောလ ဖြစ်သည်။ ပြာသိုလတွင် ရာသီပန်းဖြစ်သည့် ခွာညိုပန်းများပွင့်ကြသည်။ ပြာသိုလသည် သာယာအေးချမ်းမှုနှင့် ပြည့်စုံသည်သာမက ပြာသိုလပြည့်နေ့သည် မိခင်များကိုဂုဏ်ပြုသည့် အမေများနေ့ ဖြစ်ပါသည်။**



ပြာသိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးခြားလေးနက်သည့် ရှင်တစ်ထောင်အခါတော်နေ့လည်း ဖြစ်သည်။ ထိုသို့ ထူးခြားလေးနက်သည့်နေ့တွင် တုနှိုင်းမဲ့သော မိခင်၏ မေတ္တာကို အောက်မေ့ဂုဏ်ပြုရန် အမေများနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ အမေများနေ့သည် အေးချမ်းလှသည့် ဆောင်းရာသီရက်များထဲမှ တုံ့လှယ်မေတ္တာဖြင့် နွေးထွေးစေသည့် နေ့ရက်တစ်ရက်ဟုလည်း ဆိုနိုင်ပါ၏။

**အမေများနေ့**

အမေဆိုသည်က လူသားအားလုံးနှင့် သက်ဆိုင်ပါသည်။ မိခင်မှ မွေးဖွားလာ၍သာ ကျွန်တော်တို့ လူ့ဘဝရောက်လာကြရသည် မဟုတ်ပါလား။ မိခင်မရှိဘဲ ကျွန်တော်တို့ လူ့ဘဝသို့ ရောက်လာမည် မဟုတ်ချေ။ မိခင်သည် သားသမီးတို့အား မွေးဖွားပေးရုံသက်သက်သာမဟုတ်ပါ။ မိခင်တစ်ယောက်၏ မေတ္တာ၊ ပြုစုစောင့်ရှောက်မှုနှင့် ကာကွယ်ပေးမှုအောက်တွင် ကျွန်တော်တို့ လူလားမြောက်ကြီးပြင်းခဲ့ရပါသည်။ မိခင်၏ မေတ္တာရိပ်အောက်တွင် ဘဝများရှင်သန်ခဲ့ရ၏။ ကျွန်တော်တို့အတွက် မိခင်၏ မေတ္တာရိပ်သည် အခြားအရိပ်များထက် အေးမြလှပါ၏။ မိခင်မရှိသောအိမ်သည် အိမ်မဟုတ်ဟု ဆိုသောစကားသည် မိခင်ရှိမှ ပြီးပြည့်စုံသော မိသားစုအိမ်အဖြစ် ထင်ဟပ်စေပါသည်။

မိခင်မရှိပါက သားသမီးတို့၏ဘဝသည် အမိမဲ့သား ရေနည်းငါးပမာ ခိုကိုးရာမဲ့ ဆင်းရဲဒုက္ခရောက်ကြရပါသည်။ ယင်းသည် မိခင်တို့၏ အရေးပါမှုနှင့် မေတ္တာတန်ဖိုးပင် ဖြစ်သည်။ သို့ဖြစ်သည့်အတွက် လူတစ်ဦးချင်းစီတိုင်းအတွက်သာမက လူ့အသိုက်အဝန်းအတွက်လည်း အရေးပါသည့် မိခင်များ၏ ဂုဏ်ကျေးဇူး၊ တန်ဖိုးနှင့် အရေးပါမှုတို့ကို ထုတ်ဖော်ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာတစ်ဝန်းတွင် မိခင်များနေ့ကို နှစ်စဉ် ကျင်းပလျက်ရှိကြသည်။ အမေများနေ့ ကျင်းပရခြင်းသည် ကျွန်တော်တို့ဘဝအတွက် အလေးနက်ဆုံးသူဖြစ်သည့် မိခင်၏ မေတ္တာတရားများကို ထုတ်ဖော်ဂုဏ်ပြုခွင့်ရသည့်အတွက် ကြည်နူးစရာ အကောင်းဆုံးအချိန်လည်း ဖြစ်ပါသည်။

အမေများနေ့ကို ကမ္ဘာတစ်လွှားတွင်လည်း ကျင်းပကြပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အမေများနေ့ကို နှစ်စဉ် မေလ ဒုတိယပတ် တနင်္ဂနွေနေ့တွင် ကျင်းပကြသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အမေများနေ့ ကျင်းပသည့်ရက်များ မတူညီကြ။ မြန်မာနိုင်ငံတွင် ပြာသိုလပြည့်နေ့သည် အမေများနေ့ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အမေများနေ့ ပေါ်ပေါက်လာရန် စာရေးဆရာ ဒါရိုက်တာကြီး ဦးသုခက ကြိုးပမ်းခဲ့ခြင်းဖြစ်သည်ဟု မှတ်သားခဲ့ရပါသည်။

ဆရာကြီး ဦးသုခ၏ တိုက်တွန်းချက်အရ ၁၉၉၅ ခုနှစ်တွင် အမေများနေ့ကို ပထမဆုံး စတင်ကျင်းပခဲ့ကြောင်းလည်း သိရပါသည်။ ယခုဆိုလျှင် အမေများနေ့ ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း ၂၉ နှစ်ရှိပြီဖြစ်သည်။ မိခင်၏ တုနှိုင်းမဲ့ကျေးဇူးမေတ္တာတို့ကို အောက်မေ့သတိရသောအားဖြင့် အမေများနေ့ ကျင်းပရခြင်းသည် မင်္ဂလာပင်ဖြစ်ပါ၏။ မာဃဒေဝတွင် "လူ့ဘုံဌာန ဤလောကဓ္ဓ၊ ဘကိုလကျ်ာ မိမှာ လက်ဝဲ၊ အမြဲဆောင်ရွက် ပခုံးထက်တွင်၊ တင်လျက် လုပ်ကျွေး၊ မပြတ်မွေးလည်း၊ ကျေးဇူးဂုဏ်စိုင်၊ မကုန်နိုင်ဘူး။" ဟု ဆိုထားပါသည်။ မိခင်၊ ဖခင်တို့၏ ကျေးဇူးမှာ ဆပ်၍မကုန်ပြားသော်လည်း ထိုကျေးဇူး များကို တန်ဖိုးထားလေးစားတတ်ရန် အမေများနေ့ ကို ကျင်းပရခြင်းလည်း ဖြစ်ပေသည်။

**မိခင်ဆိုတာ**

လူတိုင်းတွင် မိခင်ရှိကြပါသည်။ လူသားများသာမဟုတ် တိရစ္ဆာန်တို့တွင်လည်း မိခင်ရှိကြသည်။ ဤကမ္ဘာလောကကြီးသည် အလွန်ပင်ထူးဆန်းလှ၏။ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ မိခင်ဖြစ်လာလျှင် မိခင်စိတ်၊ မိခင်မေတ္တာတို့ ရှိလာကြသည်။ မိခင်ဖြစ်လာသည်နှင့် သားသမီးကို ရင်အုပ်မကွာ ပြုစုစောင့်ရှောက်ကြသည်။ သို့ဖြစ်၍လည်း ရင်မှဖြစ်သော သားသမီးကို မိမိအသက်ထက် ချစ်မြတ်နိုးကြသည်။ သားသမီးအပေါ် ချစ်မြတ်နိုးရာတွင် မိခင်ရော ဖခင်ပါ ချစ်မြတ်နိုးကြပါ၏။

သို့သော် မိခင်သည် သားသမီးကို ကိုယ်တိုင်ဝမ်းနှင့်လွယ်၍ မွေးခဲ့ရသူဖြစ်သဖြင့် ဖခင်မေတ္တာထက် ပိုတတ်ကြသည်။ ဓမ္မပဒ၊ သောရေယျဝတ္ထုတွင် မိခင်တစ်ဦးအနေဖြင့် သားသမီးအပေါ်ထားရှိသည့် မေတ္တာကို တွေ့ရပါသည်။ သောရေယျမြို့သား သောရေယျသူဌေးသားသည် ယောကျာ်းဘဝရှိစဉ် ရှင်မဟာကစ္စည်းထေရ်အား စိတ်ဖြင့် ပြစ်မှားမိသောကံကြောင့် မိန်းမအဖြစ် ချက်ချင်းပြောင်းသွားခဲ့သူဖြစ်သည်။

သောရေယျသူဌေးသားသည် ဘဝတစ်ခုတည်းမှာပင် ယောကျာ်းဘဝနှင့် မိန်းမဘဝ ဖြစ်ခဲ့သူဖြစ်ပြီး ယောကျာ်းဘဝတွင် သားနှစ်ဦးရခဲ့၍ မိန်းမဘဝတွင် သားနှစ်ဦး ရခဲ့သည်။ ထို့နောက် ရှင်မဟာကစ္စည်းထံတွင် ရဟန်းပြုခဲ့ပါသည်။ ထိုအကြောင်း ကြားသိသော ရဟန်းတို့က သောရေယျမထေရ်ထံလာ၍ "မိန်းမဘဝက ဝမ်း၌ဖြစ်သော သားနှစ်ဦးနှင့် ယောကျာ်းဘဝက သားနှစ်ဦးအနက် အဘယ်သားများကို ပိုချစ်သနည်း"ဟု မေးကြ၏။ သောရေယျမထေရ်က "ဝမ်း၌လွယ်၍ ဖွားမြင်ရသည့်သားတို့ကို ပိုချစ်ပါ၏"ဟု ဆိုပါသည်။

မိခင်က သားသမီးအပေါ် ထားရှိသည့်မေတ္တာကို ဖော်ညွှန်းသည့်ဖြစ်စဉ်များမှာ ပြော၍ကုန်မည်မဟုတ်ပါ။ မိခင်၏မေတ္တာသည် သားသမီးတို့အတွက် ထာဝရမှန်ကန်သည့် လောကနိယာမဖြစ်ပါ၏။ သို့ဖြစ်၍လည်း မာတာပိတုဂုဏော အနန္တော - အမိအဖတို့၏ ဂုဏ်တော်ကျေးဇူးတော်တို့သည် အဆုံးမရှိကျယ်ဝန်းလှ၏ဟု ဆိုထားပါသည်။ မိခင်နှင့် ဖခင်တို့၏ ကျေးဇူးတရားကြီးမားလွန်းသဖြင့် ဘုရားနှင့်တစ်ဂိုဏ်းတည်းထား၍ အနန္တောအနန္တငါးပါးတွင် ထည့်သွင်းထားပါသည်။ ကမ္ဘာပေါ်ရှိ လူမျိုး၊ ဘာသာ၊ နေရာ မည်သို့ပင်ကွဲပြားပါစေ မိခင်များ၏ မေတ္တာသည် အတူတူပင် ဖြစ်ပါသည်။

ထို့အတူ မိခင်များသည်လည်း သူတို့၏ သားသမီး ဖြူသည်၊ မည်းသည်၊ မည်သို့ပင်ရှိစေ သားသမီးများကို တုနှိုင်းမဲ့ချစ်ကြသည်သာဖြစ်၏။ တိရစ္ဆာန်ပင်ဖြစ်လင့်ကစား မိခင်ဆိုသည့် အဓိပ္ပာယ်ကိုထင်ဟပ်စေသည့် ဖြစ်စဉ်တစ်ခုကို သာဓကပြလိုပါသည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့က ကနေဒါနိုင်ငံ ဗန်ကူဗာကျွန်းကမ်းခြေအနီးတွင် Killer whale မိခင်ဝေလငါးကြီးသည် ၎င်း၏ သားငယ် ဝေလငါး အသေကောင်လေးအား ၁၇ ရက်ကြာသည်အထိ မိုင်ပေါင်းတစ်ထောင်ခန့် သယ်ဆောင်ပြီးမှ လွှတ်ချခဲ့သည်ကို သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။ တိရစ္ဆာန်ဖြစ်သော်လည်း မိမိသားသမီးသေသည့်တိုင် မစွန့်လွှတ်နိုင်သည့် မိခင်ပင်ဖြစ်ပါ၏။ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ မိခင်ဆိုသည်မှာ သားသမီးတို့အပေါ် တုနှိုင်းမဲ့ချစ်ကြသူများဖြစ်ကြသည်။

**မိခင်မေတ္တာ**

မိဘမေတ္တာဟုဆိုလျှင် မိဘနှစ်ပါး၏မေတ္တာတို့ ပါဝင်ပါသည်။ မိခင်ဆိုသည်က သားသမီးများကို ကိုးလလွယ် ဆယ်လဖွားပေးခဲ့ကြသူများ ဖြစ်ကြသည်။ မိခင်ဝမ်း၌ ကလလရေကြည် သန္ဓေတည်သည့်အချိန်မှစ၍ သားသမီးတို့၏ဘဝ စခဲ့ကြသည် မဟုတ်လား။ ယောကျာ်းဖောင်စီး မိန်းမမီးနေ ဆိုသည့် ဆိုရိုးစကားကဲ့သို့ပင် သားသမီးများကို ကိုယ်ဝန်ဆောင်သည့်အချိန်တွင် မိခင်တို့မှာ အသက်အန္တရာယ်နှင့်နီးလှပါ၏။ ကိုယ်ဝန်ဆောင်စဉ်အတွင်း သားသမီးတို့မထိခိုက်စေရန် ပူ၊ ငန်၊ စပ်၊ ခါး အစားအသောက်နှင့် သွားလာနေထိုင်မှုများကို ဂရုစိုက်ကြရသည်။ အမိဝမ်းမှထွက်၍ လူ့လောကသို့ရောက်ချိန်တွင်လည်း သားသမီးတို့ ဘဝတစ်ခုလုံး လူလုံးလှရန် ပြုစုပျိုးထောင်ပေးကြပြန်သည်။

မိခင်မှာ ဝမ်းနှင့်လွယ်၍ မွေးပေးရုံသာမက သားသမီးများကို ဆင်းရဲဒုက္ခခံ၍ စောင့်ရှောက်သည်၊ အသက်ပေးကာကွယ်သည်၊ သူ့ဘဝနှင့်ရင်း၍ သားသမီးတို့ကို ပြုစုပျိုးထောင်ကြသည်။ သို့ဖြစ်၍လည်း မိခင်မေတ္တာအား အနှိုင်းမဲ့မေတ္တာဟု ဆိုခြင်းဖြစ်၏။ မိဘက သားသမီးများအပေါ် ကျေးဇူးပြုခြင်းနှင့်ပတ်သက်၍ မြတ်စွာဘုရားက အချက်သုံးချက် ဟောကြားခဲ့ကြောင်း၊ ယင်းအချက် သုံးချက်မှာ အာပါဒကာ - အသက်ရှင်အောင် စောင့်ရှောက်ခြင်း၊ ပေါသကာ - အသက်ရှင်သန်စေရန်၊ ပေါသကာ - နို့ချိုတိုက်ကျွေးမွေးခဲ့ခြင်းနှင့် ဣမဿ လောကဿ ဒေဿတာရော - လောကနှင့် ဆုံတွေ့ခွင့်ပေးခြင်းဖြစ်ကြောင်း ပါမောက္ခချုပ် ဆရာတော်ကြီးက ဟောကြားပါသည်။

ခုဒ္ဒကနိကာယ်၊ ဥဒါန်းပါဠိတော်၊ သုပ္ပဝါသာသုတ်တွင် မိခင်၏ ကြီးမားသောမေတ္တာကို တွေ့နိုင်ပါသည်။ ရှင်သီဝလိမထေရ်၏ မယ်တော် ကောလိယမင်းသမီး သုပ္ပဝါသာသည် ရှင်သီဝလိမထေရ်အား ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ဆောင်ထားရသည်။ ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေ ဒုက္ခခံစားရသည်။ သုပ္ပဝါသာမင်းသမီးသည် ထက်မြက်ကြမ်းကြုတ် စပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ ခံစားရပြီးမှ သားကိုဖွားမြင်ခဲ့၏။

မြတ်စွာဘုရားသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ဆောင်၍ ဆင်းရဲဝေဒနာခံစားခဲ့ရသည့် ကောလိယမင်းသမီး သုပ္ပဝါသာအား "သုပ္ပဝါသာ သင်သည် ဤသားမှတစ်ပါး ဤသို့ သဘောရှိသော သားမျိုးကို အလိုရှိသေးသလော"ဟု မိန့်တော်မူရာ မြတ်စွာဘုရား တပည့်တော်မသည် ဤသားမှ တစ်ပါး ဤသို့သဘောရှိကုန်သော သားခုနစ်ယောက်တို့ကို အလိုရှိပါသေးသည်ဟု ပြန်လည်လျှောက်ခဲ့၏။ သားသမီးနှင့်ပတ်သက်လာလျှင် မိခင်တို့သည် ဆင်းရဲဒုက္ခကို ဆင်းရဲဒုက္ခဟု မမြင်တတ်ကြ။ မိခင်မေတ္တာတို့သည် အရာရာကို လွှမ်းနိုင်ပါ၏။

**မိခင်ကျေးဇူးဆပ်**

လူ့လောကသို့ရောက်လာသူတိုင်းသည် မိခင်၏ ကျေးဇူးနှင့် ကင်းလွတ်သည်မရှိပါ။ သို့ဖြစ်၍ လူဖြစ်လာသူတိုင်းသည် မိခင်ကျေးဇူးအား သိတတ်ကြ၊ ကျေးဇူးဆပ်တတ်ကြပါသည်။ **စာမျက်နှာ ၇ သို့ ◆**

> **ဆရာကြီး ဦးသုခ၏ တိုက်တွန်းချက်အရ ၁၉၉၅ ခုနှစ်တွင် အမေများနေ့ကို ပထမဆုံး စတင်ကျင်းပခဲ့ကြောင်းလည်း သိရပါသည်။ ယခုဆိုလျှင် အမေများနေ့ ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း ၂၉ နှစ်ရှိပြီဖြစ်သည်။ မိခင်၏ တုနှိုင်းမဲ့ကျေးဇူး မေတ္တာတို့ကို အောက်မေ့သတိရသောအားဖြင့် အမေများနေ့ ကျင်းပရခြင်းသည် မင်္ဂလာပင်ဖြစ်ပါ၏။ မာဃဒေဝတွင် "လူ့ဘုံဌာန ဤလောကဓ္ဓ၊ ဘကိုလကျ်ာ မိမှာ လက်ဝဲ၊ အမြဲဆောင်ရွက် ပခုံးထက်တွင်၊ တင်လျက် လုပ်ကျွေး၊ မပြတ်မွေးလည်း၊ ကျေးဇူးဂုဏ်စိုင်၊ မကုန်နိုင်ဘူး။" ဟု ဆိုထားပါသည်။ မိခင်၊ ဖခင်တို့၏ ကျေးဇူးမှာ ဆပ်၍မကုန်ပြားသော်လည်း ထိုကျေးဇူးများကို တန်ဖိုးထား လေးစားတတ်ရန် အမေများနေ့ကို ကျင်းပရခြင်းလည်းဖြစ်**

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနတို့မှ ကျောင်းသား ကျောင်းသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



နေပြည်တော် ဇန်နဝါရီ ၂၄

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနတို့မှ စတုတ္ထနှစ် ကျောင်းသား ကျောင်းသူ ၇၄ ဦး၊ မဟာဝိဇ္ဇာ(ပထမနှစ်) ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ မဟာဝိဇ္ဇာ(ဒုတိယနှစ်) ကျောင်းသား ကျောင်းသူ ၁၈ ဦး စုစုပေါင်း ၁၀၃ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထား ပူဇော်နိုင်ရန်အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူးကျောင်းသား ကျောင်းသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိသာသနဒ္ဓဇမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




## မှော်ဘီမြို့နယ် အထက(၂)၌ ပညာရေးစုံညီပွဲတော် ကျင်းပ

မှော်ဘီ ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ ပညာရေးစုံညီပွဲတော်အား ကြိုဆိုပါသည် စုံညီပွဲတော်သီချင်း သီဆို၍ အခမ်းအနားဖွင့်လှစ်ကာ မှော်ဘီမြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်စမ်းစမ်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်း/ ခရိုင်/ မြို့နယ် ကာယ၊ ဉာဏပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁)ဒုတိယဗိုလ်မှူးကြီးဝေမိုးအောင်နှင့် ဇနီး၊ မှော်ဘီခရိုင် ပညာရေးမှူး ဦးအေးလွင်၊ မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးပြည့်စုံကျော်၊ အဖွဲ့ဝင်(၂) ဦးဝင်းစိုး၊ အဖွဲ့ဝင်(၃) ဦးကျော်ကျော်လွင်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ဝင်းဇော်(မှော်ဘီ)**

## သံဖြူဇရပ်မြို့၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ




သံဖြူဇရပ် ဇန်နဝါရီ ၂၄

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက မင်္ဂလာပါသီချင်းဖြင့် ဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်အေးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် မြို့နယ်အတွင်း ပညာရေးကဏ္ဍဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လူရည်ချွန်ဘက်စုံထူးချွန်ဆု၊ ၂၀၂၂ - ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာနှင့် ငါးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု၊ ကျောင်းနှင့် ဝန်းကျင် စိမ်းလန်း၍ သန့်ရှင်းစိုပြည်ဆု၊ အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည်ဆု စသည့် ကဏ္ဍအလိုက် ဆုရရှိခဲ့ကြသည့် ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပညာရေးဌာနမှ ပြသထားသည့် သင်ထောက်ကူပြခန်းကို တက်ရောက်လာကြသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဖွင့်

တာချီလိတ် ဇန်နဝါရီ ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလွင်ဦးက အမှာစကားပြောကြားပြီး တာချီလိတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ဦးကျော်က သင်တန်းဖွင့်လှစ်ရခြင်း၏ အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းနည်းပြများက ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၄

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

◆ စာမျက်နှာ ၆ မှ

မြတ်စွာဘုရားသည် မိခင်ကျေးဇူးဆပ်သောအားဖြင့် ဘုရားဖြစ်၍ ခုနစ်ဝါမြောက်တွင် တာဝတိံသာ၌ ဝါဆိုတော်မူ၍ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအား အဘိဓမ္မာတရားကိုဟောကြားတော်မူခဲ့ပါသည်။ သားသမီးတို့သည် မိဘကျေးဇူးကို ပစ္စည်းဥစ္စာတို့ဖြင့် ဆပ်၍မကုန်နိုင်၊ မိဘအား ဓမ္မဖြင့် ကျေးဇူးဆပ်ခြင်းဖြင့်သာ ကျေနိုင်ကြောင်း မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပါသည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်တွင်လည်း ကိုယ်တတ်နိုင်သလောက် မိခင်ကျေးဇူးဆပ်နေကြသူများ ရှိကြပါသည်။ အချို့သည် ငွေကြေးဥစ္စာဖြင့် မိခင်ကို တင့်တောင့်တင့်တယ်ထားကြသည်။ အချို့က ငွေကြေးမပြည့်စုံသည့်တိုင် မိခင်ကို စိတ်ချမ်းသာအောင်ထားကြသည်။ အချို့က မိခင်ကို ဓမ္မဖြင့် ကျေးဇူးဆပ်ကြ၏။ တစ်ဦးနှင့်တစ်ဦး ကျေးဇူးဆပ်ပုံခြင်းကတော့ မတူနိုင်။

မည်သို့ပင် ကျေးဇူးဆပ်သည်ဖြစ်စေ မိခင်၏ မွေးကျေးဇူး၊ ကျွေးကျေးဇူးတို့သည် ဆပ်၍ကုန်နိုင်မည်မထင်ပါ။ မိခင်သည် သားသမီးများငယ်စဉ် တောင်ကျေး ကလေးဘဝက သားသမီးတို့၏ သေး၊ ချေးတို့ကိုပင် မရွံ့မရှာ သန့်ရှင်းပေးခဲ့ကြသည်။ သားသမီးများငယ်စဉ်က မိခင်မှာ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရ၊ ဒုက္ခအမျိုးမျိုးခံ၍ သားသမီးများကို ပြုစုပျိုးထောင်ပေးခဲ့ကြပါသည်။ ကိုယ်ကိုယ်တိုင် မိဘဘဝရောက်ချိန်တွင် မိခင်၏ ထိုကျေးဇူးတရားတို့ကို ကိုယ်ချင်းစာသိနိုင်ပါသည်။ မိခင်၏ ထိုအနှိုင်းမဲ့မေတ္တာတရားတို့ကို နားလည်သိရှိကြ၍ မိဘများအသက်ရှင်စဉ်၊ ကျန်းမာနေစဉ် တတ်စွမ်းသမျှ ကျေးဇူးဆပ်ကြသည်။ မိခင်မေတ္တာကို နားလည်ကျေးဇူးဆပ်သူများရှိသကဲ့သို့ မိခင်မေတ္တာကို နားမလည်၊ မသိသူများလည်း ရှိကြပါသည်။ ထို့ထက်ဆိုးသည်မှာ မိခင်မေတ္တာကို ကျေးဇူးကမ်းသူများပင်ဖြစ်၏။ ထို့ကြောင့် လူကြီးသူမများက ကျေးဇူးမဆပ်ချင်နေပါ ကျေးဇူးတော့ မကန်းကြပါနဲ့ဟု ပြောတတ်ကြသည်။

မိခင်ကျေးဇူးကို လူသားများသာမဟုတ် တိရစ္ဆာန်များပင် ကျေးဇူးဆပ်ကြပါသည်။ မိခင်ကျေးဇူးဆပ်ခြင်းနှင့်ပတ်သက်၍ စူဠနန္ဒိယဇာတ်မှ မျောက်ညီနောင်ဖြစ်သည့် မဟာနန္ဒိယနှင့် စူဠနန္ဒိယတို့သည် မျက်မမြင်မျောက်မိခင်အိုကြီးအား ပြုစုစောင့်ရှောက်သည့်အပြင် မုဆိုးက မိခင်အိုကြီးအား လေးဖြင့်ပစ်ရန်ချိန်ရွယ်စဉ် မိခင်အသက်ကို ကယ်တင်လိုသည့် မျောက်ညီနောင်တို့က အသက်ပေး၍ မိခင်ကို ကာကွယ်ပေးခဲ့ကြပါသည်။ တိရစ္ဆာန်ဆိုသော်လည်း မိခင်ကျေးဇူးကို အသက်ပေး၍ ဆပ်ခဲ့သည်မှာ အတုယူဖွယ်ပင်ဖြစ်၏။

မိခင်ကျေးဇူးဆပ်သည်ဆိုရာတွင်လည်း မိခင်သက်ရှိထင်ရှားရှိနေစဉ် အချိန်တွင်သာ ကျေးဇူးဆပ်နိုင်ပါသည်။ မိခင်မရှိသည့်အချိန်မှ ကျေးဇူးဆပ်ချင်၍ မရပါ။ မြတ်စွာဘုရားက မင်္ဂလသုတ်တော်တွင် “မာတာပိတုဥပဋ္ဌာနံ” အမိအဖတို့ကို လုပ်ကျွေးခြင်းသည် မင်္ဂလာမည်၏ဟု ဟောကြားခဲ့ပါသည်။ သို့ဖြစ်၍ မင်္ဂလာတရားတော်နှင့်အညီ မိခင်များ အသက်ရှင်နေသမျှကာလပတ်လုံး ပြုစုလုပ်ကျွေးခြင်းဖြင့် မိခင်များ၏ ကျေးဇူးကို ဆပ်နိုင်မည်ဖြစ်ပါသည်။ ။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သန့်ရှင်းသာယာလှပရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် (၃)ရပ်ကွက်နှင့် (၅)ရပ်ကွက်အကြား တပင်ရွှေထီးလမ်းဖြတ် သာယာကုန်းချောင်းနှင့် ရန်ကုန်-ညောင်တုန်းလမ်း ရေစုကန်ရေမြောင်းမှ သာယာကုန်းချောင်းတံတားများသို့ သွားရောက်၍ ရေစီးရေလာအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်-ညောင်တုန်းလမ်း ရေစုကန်ရေမြောင်းမှ သာယာကုန်းချောင်းသို့ ဆက်လက်စီးဆင်းရာတွင် ပိတ်ဆို့မှုမရှိစေရေး ချောင်းအား စက်ယန္တရားများဖြင့် တူးဖော်ဆယ်ယူရှင်းလင်းရန်၊ ရေစုကန်ရေမြောင်းနှင့် သာယာကုန်းချောင်းအကြား ရေမြောင်းအတွင်း ပိတ်ဆို့အမှိုက်များ ရှင်းလင်းရန်၊ ချောင်း ဝဲ/ ယာ မြက်ပင်ချုံနွယ်များ ရှင်းလင်းရန်တို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက် ရန်ကုန်-ညောင်တုန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ ရေစုကန်ရေမြောင်းအား အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)မှ 7.5 KOBELCO မြေတူးစက်ဖြင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေမြောင်းပိတ်ဆို့မှုမရှိစေရေး မြစ်ထွက်ပေါက်ထိ ဆက်လက်ရှင်းလင်းရန်၊ မြောင်းချေးများအား အပြောင်းဆယ်ယူရှင်းလင်းပြီး စနစ်တကျစွန့်ပစ်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ သွားရောက်၍ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)မှ ပင်မလေးထပ်ဆောင်ရှေ့ အရှည် ၆၆၅ ပေ၊ အကျယ် ပေ ၁၁၀၊ အနက် ရှစ်ပေရှိ ရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် အဓိပတိ(၂) လမ်းနှင့် စံကားဝါဆောင်အကြား ကွင်းပြင်နေရာအား မြေပြုပြင်ပြီး ကွင်းပတ်လည်တွင် အကျယ်ငါးပေ၊ အနက် ငါးပေရှိ ရေမြောင်းတူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးတွင်းကာလ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရန်နှင့် တက္ကသိုလ်ဝင်းအတွင်း ရေဝပ်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ရေကန်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ပန်းအလှပင်များ စိုက်ပျိုးရန်၊ ကန်တူးဖော်ရာမှ ထွက်ရှိလာသည့် မြေသားများအား ကန်ပတ်ဝန်းကျင်ရှိ မြေနိမ့်နေရာများတွင်ဖို့ပြီး မြေညှိပြုပြင်၍ မြေယာရှုခင်း ဆောင်ရွက်ရန်၊ ရေကန်အတွင်း ရေဖြည့်သွင်းနိုင်ရန် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ အဝီစိတွင်းများ တူးဖော်နေမှုနှင့် ရှစ်လက်မ အဝီစိနှစ်တွင်းနှင့် ရေကန်အတွင်းရှိ အလှဆင်ရေပန်းသုံးခု မောင်းနှင်ရန် လျှပ်စစ်ဓာတ်အား ၅၀ ကီလိုဝပ် ထုတ်လုပ်နိုင်မည့် Solar System နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်တပ်ဆင်ရန် မြေပြုပြင် ဆောင်ရွက်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ နေရောင်ခြည်ကောင်းစွာ ရရှိစေရေး အုပ်မိုးသစ်ကိုင်းများအား ရှင်းလင်းရန်နှင့် လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၅ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် **မွန်တိုးတက်ရေးပါတီ**သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **မွန်တိုးတက်ရေးပါတီ**သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၁ ပါတီ ဖြစ်ကြောင်းနှင့် တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ဘားအံမြို့၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ကရင်ပြည်နယ် ဘားအံမြို့၌ တာဝန်ထမ်းဆောင်နေသော ဝန်ကြီးဌာနအောက်ရှိ ဌာန/ အဖွဲ့အစည်းများမှ ဝန်ထမ်းများကို ယမန်နေ့မွန်းလွဲပိုင်းတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ကရင်ပြည်နယ်ရုံး သင်တန်းခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ ရှိပါက ပွင့်လင်းစွာတင်ပြကြရန် ပြောကြားသည်။

ထို့နောက် ဝန်ထမ်းများ၏ တင်ပြချက်များကို ဒုတိယဝန်ကြီးက မှတ်သားရှင်းလင်းဆွေးနွေးဖြေရှင်းပေးပြီး ဝန်ထမ်းကျင့်ဝတ်နှင့်အညီ နေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအဖွဲ့အစည်းအချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် တစ်ဦးချင်းခံစားချက်အပေါ် အခြေခံ၍ ဆောင်ရွက်ခြင်း မပြုလုပ်ကြစေရေး၊ စာရွက်စာတမ်း လုံခြုံရေး၊ လူပုဂ္ဂိုလ်လုံခြုံရေး အထူးဂရုပြုကြရန်နှင့် အခက်အခဲများ ကြုံတွေ့ရပါက အဆင့်ဆင့်တင်ပြဖြေရှင်းသွားကြရန်မှာကြားပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကားဈေးကွက်အတွင်း သိန်း ၃၀၀ မှ သိန်း ၂၀၀၀ ဝန်းကျင်ကားများ အရောင်းအဝယ်ပို၍ဖြစ်နေ

**ရန်ကုန် ဇန်နဝါရီ ၂၄**

လက်ရှိကားဈေးကွက်အတွင်း သိန်း ၃၀၀ ဝန်းကျင်မှစကာ သိန်း ၂၀၀၀ ဝန်းကျင်ကားများ အရောင်းအဝယ်ပို၍ ဖြစ်နေကြောင်း မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးချုပ် ဦးကျော်စွာထွန်းမြင့်က ပြောသည်။

ဒီဇင်ဘာလဆန်းပိုင်းတွင် အရောင်းအဝယ် အေးနေရာမှ ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ အရောင်းအဝယ်ဖြစ်လာရာ လက်ရှိအချိန်တွင် အရောင်းအဝယ်တက်လာကြောင်း ၎င်းကပြောသည်။

"လက်ရှိကားဈေးကွက် အခြေအနေကတော့ ပုံမှန်အတိုင်းပဲ။ အရောင်းအဝယ်ပုံမှန်ဖြစ်နေပြီးတော့ တက်လည်းမတက်ဘူး ကျလည်းမကျဘူး၊ ပုံမှန်ပဲရှိနေပါတယ်။ ဒါပေမဲ့ မတက်ဘူးဆိုတဲ့နေရာမှာ တချို့ဝယ်လိုအားရှိတဲ့ကားလေးတွေကတော့ ရာခိုင်နှုန်းနည်းနည်းတော့ တက်ပါတယ်။ ဒီနေ့မှာ ကျတဲ့ဘက်မှာတော့ မရှိပါဘူး။ ရပ်နေတဲ့ဈေးနဲ့ ရာခိုင်နှုန်းနည်းနည်းတက်သွားတဲ့အတိုင်း အရောင်းအဝယ်ကတော့ ကျန်ခဲ့တဲ့နှစ် ဒီဇင်ဘာလဆန်းလောက်ကထက်စာရင် အရောင်းအဝယ် ပိုစိပ်လာတယ်၊ ပိုများလာပါတယ်" ဟု ၎င်းကဆိုသည်။

လက်ရှိအရောင်းအဝယ်ဖြစ်နေသည့် အနိမ့်ဆုံးငွေကျပ် သိန်း ၃၀၀၊ ၃၅၀ မှစ၍ သိန်း ၁၀၀၀၊ ၁၅၀၀၊ ၂၀၀၀ ဈေးနှုန်းပိုင်းက အရောင်းအဝယ် ပိုဖြစ်လာပြီး အဆိုပါပမာဏအထက် ကားများမှာ အရောင်းအဝယ်ဖြစ်သော်လည်း အရောင်းအဝယ်မစိပ်သေးကြောင်းလည်း ဦးကျော်စွာထွန်းမြင့်က ပြောသည်။

"ရာခိုင်နှုန်းတစ်ခုတက်လာတာပေါ့။ ဒီဇင်ဘာလမှာတော့ အရောင်းအဝယ်မဖြစ်ဘူး ရပ်နေတယ်လို့မဆိုပါဘူး။ အရောင်းအဝယ်ဖြစ်တယ်။ ဒါပေမဲ့ အခုကအရင်ဖြစ်ခဲ့တဲ့နှုန်းထက် အစီးရေပိုများလာတယ်။ အချို့ကားလေးတွေ ဈေးနှုန်းရာခိုင်နှုန်းအလိုက် နည်းနည်းလေးတက်သွားတယ်။ အများကြီးတက်လားဆိုတော့ အများကြီးတက်တယ်လို့လည်း မပြောဘူး။ ဒီဇင်ဘာအစပိုင်းထက်စာရင် နည်းနည်းလေး ပိုဖြစ်၊ ပိုစိပ်လာတယ်" ဟု ၎င်းကရှင်းပြသည်။

**MT**

# မှော်ဘီမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်လင်းသန်း၊ မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မှော်ဘီမြို့နယ် မြို့နယ်ဦးစီးမှူး ဦးတင်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့တွင် ထိန်စွန်းကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသော ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ စံပြကျေးရွာတွင် Smart Village စီမံကိန်းဖြင့် ဆောင်ရွက် ပြီးစီးသွားသော ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း လမ်းပြီးစီးမှုအခြေအနေများ၊ ရေသန့်စင်စနစ်၊ အမြင့်တင်ရေစင်နှင့် ရေပေးရေးလုပ်ငန်း ပြီးစီးမှုအခြေအနေများနှင့် မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြစ်ကျိုးအောက်ကျေးရွာတွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ကုန်ထုတ်ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC-1 တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားသို့ တက်ရောက်မည့် သတင်းမီဒီယာသမားဦးရေနှင့် အခမ်းအနားကျင်းပမည့်နေရာကန့်သတ်ချက်ပေါ်မူတည်၍ A Zone၊ B Zone ခွဲခြားသတ်မှတ်ကာ သတင်းရယူစေမည်ဖြစ်ပါသည်။ သို့ပါ၍ အခမ်းအနားတက်ရောက် သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသည့် မီဒီယာများအနေဖြင့် သတင်းမီဒီယာဌာနတစ်ခုလျှင် သတင်းမီဒီယာသမားနှစ်ဦးနှုန်းဖြင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ရာထူးတာဝန်၊ သတင်းဌာနစသည့် သတ်မှတ်လျှောက်လွှာပုံစံပါ အချက်အလက်များကို ဖြည့်စွက်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ (နေပြည်တော်) ၀၆၇-၃၄၁၂၁၄၃၊ iprd.crd.npt@gmail.com၊ (ရန်ကုန်)၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ၂၇-၁-၂၀၂၄ ရက်နေ့အရောက် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန




## ဧရာဝတီတိုင်းဒေသကြီးအတွင်း အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာရှင်များ၊ သက်ဆိုင်ရာဌာနများနှင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ပုသိမ် ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမတွင် တိုင်းဒေသကြီးအတွင်း အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး ပညာရှင်များ၊ သက်ဆိုင်ရာဌာနများနှင့် စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းကကျင်းပခဲ့ရာ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီများမှ တာဝန်ရှိသူများ၊ ဝယ်ယူကြိတ်ခွဲသူ တောင်သူများ တက်ရောက်ခဲ့ကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ခရီးစဉ်အတွင်း ဆွေးနွေးမှာကြားချက်များကို ရှင်းလင်းပြောကြားပြီး မိမိတို့ တိုင်းဒေသကြီးသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်တိုင်းဒေသကြီးဖြစ်သော်လည်း သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရန်လိုနေသေးကြောင်း၊ ပြီးခဲ့သည့်တောင်သူလယ်သမားနေ့တွင် ဖော်ထုတ်ခဲ့သည့်ရလဒ်များအရ မိုးစပါးတစ်ဧက ၁၀ တင်းနှုန်း ပိုမိုတိုးတက်ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်နွေစပါးသည် ပန်းတိုင်အထွက်နှုန်းရောက်ရှိမည့်




နှစ်ဖြစ်၍ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ တောင်သူများ အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ နေကြာလျှာထားဧကများ ပြည့်မီအောင် စိုက်ပျိုးစေရေးနှင့် ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း အစေ့ထုတ်ပြောင်း၊ ကော်ဖီနှင့် ရော်ဘာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လည်းလိုကြောင်းနှင့် မိမိတို့တိုင်းဒေသကြီး၏ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး ပညာရှင်များ၊ ဌာနဆိုင်ရာများနှင့် စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးပေးကြရန် အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချမှုဌာနစိတ်တာဝန်ခံက မြေအသုံးချရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မျိုးစေ့ဌာနစိတ်တာဝန်ခံက မျိုးကောင်းမျိုးသန့်အသုံးပြုခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ သီးနှံပိုးမွှားကာကွယ်ရေးဌာနစိတ်မှ တာဝန်ရှိသူက သီးနှံပိုးမွှားကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေး**

ထို့နောက် တိုင်းဒေသကြီးအတွင်း အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး စကားဝိုင်းဆွေးနွေးပွဲ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး၊ တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန မြောင်းမြခရိုင်ဦးစီးမှူး၊ ပုသိမ်တက္ကသိုလ်စီးပွားရေးပညာဌာန ကထိက ဝယ်ယူကြိတ်ခွဲကိုယ်စားလှယ်တစ်ဦးနှင့် တောင်သူကိုယ်စားလှယ်တစ်ဦးတို့က ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## မော်လမြိုင်မြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ



**မော်လမြိုင် ဇန်နဝါရီ ၂၄**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ ပြပွဲ၊ ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြတ်သီတာက မြန်မာနိုင်ငံ၏ သမိုင်းဝင်ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း သိကောင်းစရာများ၊ ကျောင်းနေအရွယ်ကလေးဘဝမှစတင်ကာ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာရေး၊ နိုင်ငံတော်နှင့်အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်၏ အရေးပါမှုနှင့် မျိုးဆက်သစ်လူငယ်များ နိုင်ငံကိုထိန်းသိမ်းကာကွယ်ရမည့် သမိုင်းပေးတာဝန်များ စသည့် ဗဟုသုတ ဖြစ်ဖွယ်များနှင့် သိမှတ်ဖွယ်ရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုအထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို ကျင်းပရာ အမှတ်(၆)မူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၀ က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ်စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်များကို ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**မြစ်ကြီးနား ဇန်နဝါရီ ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မော်ဖောင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌ ကျေးရွာချင်းဆက်လမ်း၊ တံတားများ အဆင့်မြှင့်တင် ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၂၃ရက် နံနက်ပိုင်းက အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)အင်ဂျင်နီယာချုပ် ဦးဝင်းကျော်မျိုးနှင့် တာဝန်ရှိသူများသည် Northern Perfect ကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်နေသည့် အရှည် ၅ဖာလုံ၊ အကျယ် ၁၆ပေ၊ ဒု ၇လက်မရှိ နမ့်ပေါင်-ရှောင်ကွင်း-ဖော်ဖောင်း- နယ်မြေ(၈) ကျေးရွာရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် အင်ဂျင်နီယာချုပ်နှင့်

## မြစ်ကြီးနားမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း၊ တံတားများ အဆင့်မြှင့်တင် ဆောင်ရွက်နေမှု စစ်ဆေး

တာဝန်ရှိသူများသည် ဂျာဘွမ်မြန်မာကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်နေသည့် အရှည် ၇ဖာလုံ၊ အကျယ် ၁၆ပေ၊ ဒု ၇ လက်မရှိ ဇခုန်ကျေးရွာ ကျောက်ချောလမ်းခင်းခြင်း၊ မြေသားတာပေါင်တင်ခြင်းနှင့် ၎င်းလမ်းပေါ်ရှိ Box Culvert တံတားခြောက်စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မြစ်ကြီးနားမြို့နယ် အတွင်းရှိ အဆိုပါ ကျေးရွာချင်းဆက်လမ်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေများဖြင့် တင်ဒါအောင်ကုမ္ပဏီများက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၂



# ပခုက္ကူတက္ကသိုလ်၏ (၂၃)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ



ပခုက္ကူ ဇန်နဝါရီ ၂၄

ပခုက္ကူတက္ကသိုလ်၏ (၂၃)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် "Challenges and Opportunities of Climate Change and Enhancing Sustainable Development" သုတေသနစာတမ်းများဖတ်ပွဲကို ယမန်နေ့က အဆိုပါတက္ကသိုလ်ရှိ ပင်မဆောင်(ဘွဲ့နှင်းသဘင်ခန်းမ)၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ပခုက္ကူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးအောင်တို့က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က တက္ကသိုလ်သမိုင်းကြောင်းနှင့် (၂၃)နှစ်ပြည့် တက္ကသိုလ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်သုတေသနစာတမ်းများ ဖတ်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူတက္ကသိုလ် အနုပညာအသင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အဆို၊ အက ဝါသနာရှင် ကျောင်းသား ကျောင်းသူများက တေးသီချင်း၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဒဿနိကဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါ်ခင်နုဆွေက "Some Ethnical Aspect of Environmental Conservation and Sustainable Developmental" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သတ္တဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာနှင်းနှင်းဝေက "Effect of Climate Factors on Mutualistic Relationship of Adult Butterfly and their Nectar Food Plants on kyaut-Tan Village, Minbu Township, Magway" ခေါင်းစဉ်ဖြင့်လည်းကောင်း သုတေသနစာတမ်းများ ဖတ်ကြားကြသည်။

ပခုက္ကူ တက္ကသိုလ်အနေဖြင့် အဆင့်မြင့်ပညာရေးကဏ္ဍမှ ဆရာဆရာမများ၏ သင်ကြားရေးစွမ်းရည်နှင့် သုတေသနပြုလုပ်မှုစွမ်းရည် တိုးတက်ကောင်းမွန်အဆင့်မြင့်ပြီး ဘာသာရပ်နယ်ပယ်၊ ဒေသအလိုက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရေး၊ ဘာသာရပ်နယ်ပယ် အကျိုးပြုနိုင်ရေး၊ ပခုက္ကူဒေသ လူမှုစီးပွားရေး အကျိုးပြုနိုင်ရေးတို့အတွက် ရည်ရွယ်ကာ (၂၃)နှစ်ပြည့် ပခုက္ကူတက္ကသိုလ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် Challenges and Opportunities of Climate Change and Enhancing Sustainable Development နှင့် ပတ်သက်သည့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းပေါင်း ၂၂ စောင်ကို စာတမ်းရှင်များက ဖတ်ကြားခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရေးမြို့နယ်၌ မြို့နယ်ပညာရေးစုံညီပွဲတော် ကျင်းပ

ရေး ဇန်နဝါရီ ၂၄

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ရေးမြို့နယ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရေးမြို့နယ် အထက(၁)ကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦး၊ ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးစံညိုဝင်း၊ မြို့နယ်ပညာရေးမှူး ဦးခင်ဇော်တို့က မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အဖွင့်အမှာစကားများ ပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးခင်ဇော်က မြို့နယ်အတွင်း ပညာရေးကဏ္ဍဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးမင်းဌေးဦးက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောင်းအလိုက် ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခြင်း၊ ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ ထူးချွန်ဆုရကျောင်းများမှ ကျောင်းအုပ်ကြီးများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မြဝတီမြို့ အထက(၃)၌ ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မြဝတီ ဇန်နဝါရီ ၂၄

ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက အဖွင့်အမှာစကား ပြောကြားပြီး အမှတ်(၃) အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်က စုံညီပွဲတော်ကျင်းပရခြင်းကို ရှင်းလင်းသည်။



ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နိုင်ငံတော်ဗဟိုအဆင့်၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်များတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးအောင်မင်းစိုး၊ ခရိုင်ပညာရေးမှူးဦးသန်းဆွေဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းအကျိုးတော်ဆောင်များက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **ဇာဖြူဝင်း(ပြန်/ဆက်)**

# ကမာရွတ်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန် တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ပညာတန်ဆောင်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

စုံညီပွဲတော်ကို ကမာရွတ် ခရိုင်ပညာရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ကမာရွတ်မြို့နယ် ပညာရေးမှူး ဦးပေါ်ဦးက အဖွင့်အမှာစကား ပြောကြားသည်။



ထို့နောက် ဗဟိုအဆင့်၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ပြိုင်ပွဲအသီးသီးတွင် ထူးချွန်ဆုရရှိသော ကျောင်းအုပ်ကြီးများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ခရိုင်ပညာရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ပြီး အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော် အကများဖြင့် ဖျော်ဖြေ တင်ဆက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❋ စာမျက်နှာ ၁၀ မှ

**ရွေးချယ်ဖို့ခက်ခဲနေတဲ့ အခြေအနေမျိုးမှာ ဘယ်လိုလုပ်ရမလဲ**

အထက်မှာ ဖော်ပြထားတဲ့ Eisenhower Matrix ကတော့ အချိန်ကိုအကျိုးရှိစွာအသုံးချရာမှာ အဓိကကျတဲ့ ကိရိယာတစ်ခု ဖြစ်ပါတယ်။ ရှေ့မှာရှင်းပြပြီးသလိုပဲ အရေးကြီးမှုနဲ့ အရေးပေါ်ဖြစ်မှုအပေါ် ဆုံးဖြတ်ရဖို့ ခက်ခဲနေတာမျိုးတွေလည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ပြဿနာတစ်ခုအပေါ် ဆုံးဖြတ်ရတော့မယ်ဆိုရင် ထွက်ပေါ်လာမယ့်ရလဒ်တွေကို ကြိုတင်ခန့်မှန်းထားနိုင်ဖို့ လိုအပ်ပါတယ်။ ပြီးရင် ထွက်ပေါ်လာတဲ့ရလဒ်ရဲ့ အကျိုးနဲ့အပြစ် (Pros and Cons) ၊ အရှုံးနဲ့အမြတ် (Costs and Benefits) တွေကို သေချာနှိုင်းယှဉ်ချိန်ထိုးပြီးမှ အကျိုးအများဆုံးရနိုင်မယ့်အရာကို ဆုံးဖြတ်ရွေးချယ်လေ့ရှိပါတယ်။

ဒါကို The Rubber Band Model လို့ ခေါ်ပါတယ်။ တစ်ခုခုကို ပြတ်ပြတ်သားသား ရွေးချယ်ဆုံးဖြတ်ရတော့မယ့်အချိန်မျိုးမှာ မလုပ်ဖြစ်စေဖို့ ကိုယ့်ကို တုပ်နှောင်ထားတဲ့အရာတွေ (What is Holding) နဲ့ လုပ်ဖြစ်သွားအောင် ဆွဲခေါ်နေတဲ့အရာတွေ (What is Pulling) အားပြိုင်ပြီးမှ အမှန်ကန်ဆုံးအဆုံးအဖြတ်တစ်ခုခုကို ရွေးချယ်တတ်ဖို့ လိုအပ်တာမျိုးပဲ ဖြစ်ပါတယ်။ ဒါမှသာ ဆုံးဖြတ်ချက်ချမှတ်ရာမှာ အသုံးပြုတဲ့နည်းနာတွေကို အကောင်းဆုံးအသုံးချနိုင်မှာ ဖြစ်ပါတယ်။

**The Project Portfolio Matrix ဆိုရာဝယ်**

Costs တွေကို တွက်ချက်ရာမှာ ငွေကြေးတစ်ခုတည်းနဲ့ တန်ဖိုးဖြတ်လို့မရဘူးဆိုတာကိုလည်း သတိပြုထားဖို့ လိုအပ်ပါတယ်။ ပေးဆပ်လိုက်ရတဲ့ ပတ်သက်ဆက်နွယ်နေတဲ့ မိတ်ဆွေတွေ၊ စွမ်းအင်တွေနဲ့ စိတ်ပိုင်းဆိုင်ရာဖိစီးမှုစတဲ့ အရင်းအမြစ်အားလုံးကို ထည့်သွင်းစဉ်းစားရမှာဖြစ်သလို ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ ထွက်ပေါ်လာမယ့် ရလဒ်အပေါ် တန်ဖိုးဖြတ်မှုကလည်း တူညီမှုမရှိတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ လူတစ်ဦးတစ်ယောက်ချင်းရဲ့ Vision ၊ Goal မတူညီမှုကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကို The Project Portfolio Matrix လို့ ခေါ်ပါတယ်။ Matrix ဖန်တီးနိုင်ဖို့ဆိုရင် ရလဒ်နဲ့လိုက်လျောညီထွေဖြစ်စေမယ့် ဝင်ရိုးနှစ်ခုကို ရွေးချယ်ရပါမယ်။

ဥပမာအားဖြင့် ပရောဂျက်စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်မလား၊ မဖော်ဘူးလားဆိုတာကို ဆုံးဖြတ်ရတော့မယ့် အခြေအနေမျိုးမှာဆိုရင် X ဝင်ရိုးမှာ ဒီပရောဂျက်က သူဖြစ်ချင်နေတဲ့ ရည်မှန်းချက်ပေါက်မြောက်စေဖို့ ဘယ်လောက်အထောက်အကူဖြစ်စေလဲဆိုတာမျိုးနဲ့ Y ဝင်ရိုးမှာ ဒီပရောဂျက်ဆီက သူဘယ်လောက် သင်ယူလေ့လာနိုင်မလဲဆိုတာမျိုးကို ဖော်ထုတ်နိုင်ဖို့အတွက် ရည်မှန်းချက်ပေါက်မြောက်နိုင်မှုနဲ့ သင်ယူလေ့လာနိုင်မှုဆိုတဲ့ ဝင်ရိုးနှစ်ခုနဲ့ ဆက်နွယ်နေတဲ့ Matrix ကို ဖန်တီးရပါမယ်။ ထွက်ပေါ်လာတဲ့ ရလဒ်ပုံစံလေးမျိုးနဲ့လိုက်ပြီး ဆုံးဖြတ်ချက်ချမှတ်မှုကတော့ အောက်မှာဖော်ပြထားတဲ့အတိုင်းပဲ ဖြစ်ပါတယ်-

(က) ပရောဂျက်ဆီက ဘာမှ လေ့လာသင်ယူလို့မရသလို ကိုယ့်ရဲ့ အနာဂတ်ရည်မှန်းချက်ပေါက်မြောက်နိုင်မှုအပေါ်မှာလည်း အကျိုးမပြုဘူးဆိုရင် ပရောဂျက်ကို လုံးဝအကောင်အထည်မဖော်ပါနဲ့။

(ခ) ပရောဂျက်ကြောင့် ကိုယ့်ရဲ့လေ့လာသင်ယူမှုကို တိုးပွားစေနိုင်တယ်။ ဒါပေမဲ့ ကိုယ့်ရဲ့အနာဂတ်ရည်မှန်းချက် ပေါက်မြောက်နိုင်မှုအပေါ်မှာတော့ အကျိုးမပြုဘူးဆိုရင် ကိုယ့်ရဲ့ Vision နဲ့ကိုက်ညီမယ့် ပရောဂျက်မျိုးကို ပြောင်းလဲအကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားပါ။

(ဂ) ပရောဂျက်က ကိုယ့်ရဲ့ Vision နဲ့ လိုက်လျောညီထွေမှုရှိပေမယ့် ကိုယ့်ရဲ့လေ့လာသင်ယူမှုကို အထောက်အကူမပြုဘူးဆိုရင် မိမိကိုယ်စား တာဝန်ယူမယ့်သူရှာဖွေပြီး ပရောဂျက် ဆက်လက်အကောင်အထည်ဖော်ခိုင်းပါ။

(ဃ) ပရောဂျက်က ကိုယ့်ရဲ့ Vision နဲ့ လိုက်လျောညီထွေမှုရှိသလို ကိုယ့်ရဲ့သင်ယူလေ့လာမှုကို တိုးပွားစေနိုင်တာမျိုးဆိုရင်တော့ ထိဆုကြီးပေါက်တယ်လို့သာ မှတ်ယူလို့ရမှာ ဖြစ်ပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

# "(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" (တတိယနေ့) ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော "(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" တတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅၊ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)တွင် ဆက်လက်ကျင်းပခဲ့ရာ သုတေသနစာတမ်းရှင် များက အခြေခံသုတေသနစာတမ်း၊ အသုံးချသုတေသနစာတမ်း၊ ကျန်းမာရေးစနစ် သုတေသနစာတမ်း စုစုပေါင်း ၃၃ စောင်ကို ဖတ်ကြားတင်ပြခဲ့ကြသည်။

## ဖတ်ကြားတင်သွင်း

နံနက်ပိုင်းတွင်သဘာပတိများအဖြစ်ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာတင်ထွန်း၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ လှလှဝင်း၊ ဆေးတက္ကသိုလ်(၂) ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာပပစိုး၊ ဆေးတက္ကသိုလ်(၁) ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာရှင်နှောင်းလွင်၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်ဦး၊ ညွှန်ကြားရေးမှူး ဒေါက်တာ ခင်ဖြူဖြူတို့က ဆောင်ရွက်၍ ဇီးကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး အဆင့်(၁) ဦးသိန်းလှိုင်က "ပြည်ခရိုင်၏အခြေခံအဆင့် ပြည်သူ့ကျန်းမာရေးဌာနများတွင် ဆေးဝါးနှင့် ဆေးပစ္စည်းထောက်ပံ့မှု စီမံခန့်ခွဲမှုဆိုင်ရာ အခြေအနေများအား လေ့လာဆန်းစစ်ခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ ပေါင်းတည်မြို့နယ် ကျန်းမာရေးမှူး အဆင့်(၁) ဦးထွန်းဝင်းလတ်က "မြန်မာနိုင်ငံ၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်ရှိ ပြည်သူလူထုအခြေပြု ကျန်းမာရေး စေတနာ့ဝန်ထမ်းများ၏ လုပ်ဆောင်ချက်အပေါ် လွှမ်းမိုးသည့်အချက်များအား ဖော်ထုတ်လေ့လာခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ သူနာပြုသင်တန်းကျောင်းမှသရုပ်ပြ ဒေါ်သက်သက်ထွန်းက "ကင်ဆာ ဆေးသွင်းနေသော ရင်သားကင်ဆာလူနာများ၏ မောပန်းနွမ်းနယ်ခြင်း၊ နေ့စဉ်လုပ်ငန်းဆောင်တာများကို လုပ်ဆောင်နိုင်စွမ်းနှင့် ဘဝအရည်အသွေးဆက်နွှယ်မှုကိုလေ့လာခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ သူနာပြုတက္ကသိုလ် (ရန်ကုန်)မှ သရုပ်ပြ ဒေါ်ဖြူနှင်းဖွေးက "ကရင်လူမျိုးများ၏ ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းတွင် လွှမ်းမိုးနေသော ရိုးရာဓလေ့ ယုံကြည်မှုများနှင့် လုပ်ဆောင်မှုများ" သုတေသနစာတမ်းကိုလည်းကောင်း၊ မိခင်နှင့်ကလေး ကျောင်းကျန်းမာရေး (ချမ်းမြသာစည်)မှ ဦးစီးအရာရှိ ဒေါ်သဲနုအောင်က "မိတ္ထီလာခရိုင် ဆေးရုံကြီးရှိ သူနာပြုများ၏ အသက်မွေးဝမ်းကျောင်းအပေါ် တန်ဖိုးထားမှု၊ ဆေးရုံကျင့်ဝတ်နှင့် သက်ဆိုင်သောအခြေအနေများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘဝအရည်အသွေး တို့အကြား ဆက်နွှယ်မှုတို့အား လေ့လာဆန်းစစ်ခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ သူနာပြုသင်တန်းကျောင်း(ဟသ်ာတ)မှ ကျောင်းအုပ် ဒေါ်အေးအေးခိုင်က "ကိုဗစ်-၁၉ ကပ်ရောဂါကာလ၌ ဗဟိုအမျိုးသမီးဆေးရုံရှိ သူနာပြုဆရာမများ၏ မိခင်ကျန်းမာစောင့်ရှောက်မှုဆိုင်ရာ အတွေ့အကြုံများကို လေ့လာဖော်ထုတ်ခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ သူနာပြုတက္ကသိုလ်(မန္တလေး)မှ သရုပ်ပြဒေါ်အိအိမွန်က "မန္တလေးပြည်သူ့ဆေးရုံကြီးရှိ ဆေးရုံ၏ ကျင့်ဝတ်နှင့်သက်ဆိုင်သောအခြေအနေနှင့် သူနာပြုများ၏ ကိုယ်ကျင့်တရား စောင့်ထိန်းနိုင်မှုအား လေ့လာဆန်းစစ်ခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ သူနာပြုသင်တန်းကျောင်း (ရန်ကုန်) မှ သရုပ်ပြ ဒေါ်နွယ်ဇင်ငြိမ်းက "အသက်(၁)နှစ်အရွယ် ကလေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်သော မိခင်များ၏ ဗဟုသုတအပေါ်တွင် ပညာပေးလမ်းညွှန်၏ အကျိုးသက်ရောက်မှုအစီအစဉ်" သုတေသနစာတမ်းကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၁)မှ တွဲဖက်ပါမောက္ခ ဒေါက်တာမေစိုးအောင်က "ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ရေဘေးကြိုတင်ပြင်ဆင်ရေးနှင့် ရေဘေးဆိုင်ရာ ကူးစက်ရောဂါများအကြောင်း အသိပညာများ တိုးမြှင့်ခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (နေပြည်တော်)မှ ဦးစီးအရာရှိ ဒေါ်အိမွန်ဆွေက "Perindopril Erbumine Film Coated Tablet ၏ ဖော်မြူလာ ထုတ်ဖော်ခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ထားဝယ်)မှ ဦးစီးအရာရှိ ဒေါ်သဲဦးဘိုက "Ferrous Fumarate Capsule အား Dried Starch နှင့် Sodium Starch Glycolate မတူညီသော အချိုးအစားများကိုအသုံးပြု၍ ဆေးထွက်ရှိမှုနှုန်း အရည်အသွေးအား တိုင်းတာဆုံးဖြတ်ခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန် ဒေါက်တာခင်စုလှိုင်က "အစာအိမ်ကင်ဆာတွင် ပြန်ရည်ကျိတ်ကို အဆင့် ၃ ဆင့်ဖြင့် ခွဲစိတ်ခြင်းနှင့် ပုံမှန်ခွဲစိတ်ခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၁)မှ ကထိက ဒေါက်တာအေးပွင့်ဖြူက "CYP2D6*10 မျိုးရိုးဗီဇ အက္ခရာ ကွဲပြားမှုကြောင့် Risperidone ဆေး၏အာနိသင်နှင့် သွေးတွင်းပမာဏအပေါ် အကျိုးသက်ရောက်မှုကို စိတ်ကစဉ့်ကလျား ရောဂါလူနာများတွင် လေ့လာခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ ဆေးသုတေသန ဦးစီးဌာနမှ သုတေသီ ဒေါက်တာအေးမင်းမော်က "ရိုးတွင်းခြင်ဆီအားနည်းရောဂါလူနာများတွင် အသုံးပြုသည့် Cyclosporine ဆေး၏ သွေးတွင်းပမာဏအပေါ်တွင် ဆေးကိုချေဖျက်ပေးသော ဇီဝဓာတ်ကူ CYP3A5 6986A>Gနှင့် ပတ်သက်သည့် မျိုးရိုးဗီဇအက္ခရာကွဲပြားမှု၏ အကျိုးသက်ရောက်ပုံကို လေ့လာခြင်း" သုတေသန စာတမ်းကိုလည်းကောင်း၊ မြောက်ဥက္ကလာပ ဆေးရုံကြီးမှ အထူးကုဆရာဝန် ဒေါက်တာယုယုမွန်က "လူငယ်နှင့် လူလတ်ပိုင်း သွေးဥကင်ဆာလူနာရှင်များတွင် ဓာတုရောင်ခြည်အသုံးပြုပြီး ရောဂါအကြွင်းအကျန်ရှာဖွေခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဌာနမှ ဒေါက်တာဖြိုးသိင်္ဂီခိုင်က "ရင်သားကင်ဆာရောဂါတွင် တွေ့ရှိနိုင်သော ပရိုတင်းဓာတ်ပေါင်းတစ်မျိုး (Survivin) အားလေ့လာခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၂)မှ တွဲဖက်ပါမောက္ခ ဒေါက်တာနီနီအောင်က "သားဥအိမ်ကင်ဆာကို သွေးတွင်းဓာတ်ပစ္စည်းတစ်မျိုးနှင့်ရောင်စုံတယ်လီဗေးရှင်း ဓာတ်မှန်ဖြင့် စမ်းသပ်ရှာဖွေခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါက်တာခင်အေးသင်းက "ကျန်းမာသောအသက်ကြီးခြင်းတွင် အခြေခံကိုယ်ခံအား ဆဲလ်ပုံစံအား ရှေးဦးအစမ်းလေ့လာခြင်း" သုတေသနစာတမ်းကို လည်းကောင်း၊ ဆေးသုတေသနဦးစီးဌာနမှ သုတေသီ ဒေါက်တာ သန်းမြတ်စိုးက "သွေးလွန်တုပ်ကွေးရောဂါပိုးကို သယ်ဆောင်နိုင်သော Aedes aegypti ခြင်ကျားသားလောင်းများကို ထိန်းချုပ်နိုင်ရန်အတွက် Abate (Temphose 1% sand granules) ပိုးသတ်ဆေး၏ အကြွင်းအကျန် အကျိုးသက်ရောက်မှုကို လေ့လာခြင်း" သုတေသနစာတမ်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းခဲ့ကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် သဘာပတိများအဖြစ် ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေ၊ ဆေးတက္ကသိုလ်(၂)ပါမောက္ခချုပ်ပါမောက္ခဒေါက်တာအေးအေးခင်၊ သူနာပြုတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင်တင်ကျော်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထင်လင်း၊ ဆေးတက္ကသိုလ်(၁) ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာခင်မေသင်း၊ ဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ သင်းသင်းမြတ်၊ ဆေးတက္ကသိုလ်(၂) ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာအေးအေးတင့်၊ ဆေးတက္ကသိုလ်(၁)ပါမောက္ခ/ဌာနမှူးပါမောက္ခဒေါက်တာ စန်းစန်းဌေးတို့က ဆောင်ရွက်၍ သဃ်ာန်းကျွန်း ပြည်သူ့ဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကုဆရာဝန် ဒေါက်တာယမင်းသီရိခင်က "ခွဲစိတ်မွေးဖွားသည့်မိခင်များတွင် နာလန်ထမြန်စေရန် ပြုပြင်ပြောင်းလဲထားသည့် ကုထုံးနှင့်စံပြုကုထုံးတို့အား နှိုင်းယှဉ်လေ့လာခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ သူနာပြုသင်တန်းကျောင်း(ရန်ကုန်) ကျောင်းအုပ် ဒေါ်ဝိုင်းရတနာက "မွေးဖွားပြီး သားဦးမိခင်များအား သားဖွားလမ်းကြောင်းချဲ့ထားသော အနာနာကျင်မှုနှင့် အနာကျက်မှုများအပေါ်တွင် တင်ပဆုံ ကြမ်းခင်းကြွက်သားလေ့ကျင့်ခန်း၏ အကျိုးသက်ရောက်မှု" သုတေသနစာတမ်းကိုလည်းကောင်း၊ ဗဟိုအမျိုးသမီးဆေးရုံကြီးမှ သားဖွားမီးယပ် အထူးကုဆရာဝန် ဒေါက်တာဇာခြည်မင်းက "ကိုယ်ဝန်ဆောင်လူနာများ ကလေးမီးဖွားရာတွင် နာကျင်မှုသက်သာစေရန် ပါရာစီတမော ဆေးသွင်းခြင်းနှင့် ထရာမဒေါထိုးဆေး(Tramadol Injection) တို့၏ အကျိုးသက်ရောက်မှုကို နှိုင်းယှဉ်ခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ မြောက်ဥက္ကလာပ ဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကု ဆရာဝန် ဒေါက်တာယဉ်မွန်စန်းက "ကလေးမီးဖွားမည့် ကိုယ်ဝန်ဆောင်မိခင်များကို ကလေးမီးဖွားရာတွင် နာကျင်မှုသက်သာစေရန် ပါရာစီတမောအကြောသွင်း ဆေးရည် (Paracetamol Infusion)နှင့် ဟိုင်ရိုစင်းထိုးဆေး (Hyoscine Butylbromide)ကို ထိုး၍ အကျိုးသက်ရောက်မှုကို နှိုင်းယှဉ်လေ့လာခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ ဗဟိုအမျိုးသမီးဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကုဆရာဝန် ဒေါက်တာနွယ်နီပိုင်က "သားအိမ်ထုတ်မည့်လူနာများကို Haemocoagulase ထိုးဆေးနှင့် Tranexamic acid ထိုးဆေးပေးပြီး ခွဲစိတ်စဉ်နှင့် ခွဲစိတ်ပြီးနောက် သွေးဆုံးရှုံးမှုနှင့် ထိုဆေးတို့၏ ဘေးထွက်ဆိုးကျိုးများကို လေ့လာခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ မြောက်ဥက္ကလာပဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကုဆရာဝန် ဒေါက်တာအိအိဌေးက "ကိုယ်ဝန်စောင့်ရှောက်မှုခံယူခြင်းနှင့် ယင်းကိုသက်ရောက်စေသော အကြောင်းအရာတို့ကိုလေ့လာခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ ဗဟိုအမျိုးသမီးဆေးရုံကြီးမှ ကထိက ဒေါက်တာ နန်းယုဇနဇော်က "ဗဟိုအမျိုးသမီးဆေးရုံ၊ ရန်ကုန်သို့ လာရောက်ပြသသော ကလေးရရန် ခက်ခဲသော အမျိုးသမီးများတွင် မျိုးပွားခြင်းနှင့် သက်ဆိုင်သော ဗဟုသုတ၊ ခံယူချက်သဘောထားနှင့် ထိုရောဂါအတွက် ကုသမှုရှာဖွေပုံ အမူအကျင့်များကိုလေ့လာခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ ဆေးတက္ကသိုလ် (မန္တလေး)မှ လက်ထောက်ကထိက ဒေါက်တာအေးသဒ္ဒါက "မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီးတွင် မီးနေသည် ပိုးဆိပ်သင့်ရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်သော အချက်အလက်များကို လေ့လာခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာ ကြေးမုံထွေးက "ရန်ကုန်ဆေးရုံကြီးတွင် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာကုသမှုစတင်ခံယူမည့် ကင်ဆာဝေဒနာရှင်များ၏ အာဟာရ မပြည့်ဝမှုအခြေအနေကို Subjective Global Assessment Tool ကို အသုံးပြု၍ ဆန်းစစ်လေ့လာခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဖြိုးဝေက "ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်ရှိ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများစခန်းမှ အသက်(၅)နှစ်အောက် ကလေးများ၏ အာဟာရအခြေအနေအား လေ့လာဆန်းစစ်ခြင်း" သုတေသနစာတမ်းကို လည်းကောင်း၊သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (ကလေး)မှ ကျောင်းအုပ်ဒေါ်ဟေမာန်ဦးက "အထွေထွေ ရောဂါကုဆေးရုံကြီး၊ မန္တလေးရှိသူနာပြုများ၏ လုပ်ငန်းခွင်ယဉ်ကျေးမှုနှင့် အလုပ်အပေါ်စိတ်ကျေနပ်မှုကို လေ့လာဆန်းစစ်ခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ (ခုတင်-၅၀၀)အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာအောင်လင်းအေးက "မြန်မာနိုင်ငံ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆေးရုံကြီးများရှိ အကူသူနာပြု သင်တန်းသားသင်တန်းသူများကြား စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုနှင့် ကျေနပ်မှုများအပေါ် သတိပဋ္ဌာန်အစီအစဉ်၏ အကျိုးသက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးမှူး (တောင်ကြီး)ဦးသန်းစိုးဦးက "ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်ဒေသရှိ စိုက်ပျိုးရေးလုပ်သားများတွင် ပိုးသတ်ဆေးသုံးစွဲမှုနှင့်ပတ်သက်သော ကျန်းမာရေးအသိပညာအခြေအနေနှင့် ပိုးသတ်ဆေးသုံးစွဲမှု ဘေးကင်းမှုဆိုင်ရာ အမူအကျင့်များကိုလေ့လာခြင်း" သုတေသနစာတမ်းကိုလည်းကောင်း၊ အခြေခံ ကျန်းမာရေးတက္ကသိုလ် (မကွေး)မှ ကထိက ဒေါက်တာခင်ချိုအေးက "မကွေးမြို့ရှိ ပထမနှစ်တက္ကသိုလ် ကျောင်းသားကျောင်းသူများ၏ လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါဆိုင်ရာ အသိပညာများမြှင့်တင်ခြင်း" သုတေသနစာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြခဲ့ကြသည်။

## မေးမြန်းဆွေးနွေး

စာတမ်းဖတ်ပွဲသို့ ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ သုတေသီများနှင့် စာတမ်းရှင်များ ၂၀၀ ခန့် တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများက စာတမ်းရှင်များအား မေးမြန်းဆွေးနွေးအကြံပြုကြသည်။

**သတင်းစဉ်**



# ကမ္ဘောဒီးယား တော်ဝင်ကြည်းတပ်တည်ထောင်ခြင်း (၂၅) နှစ်ပြည့် အခမ်းအနားကျင်းပ

**ဖနောင်ပင် ဇန်နဝါရီ ၂၄**

ကမ္ဘောဒီးယား တော်ဝင် ကြည်းတပ် (RCA) တည်ထောင်ခြင်း (၂၅) နှစ်ပြည့် အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်တွင် ကမ္ဘောဒီးယား တော်ဝင် လက်နက်ကိုင်တပ်ဖွဲ့ (RCAF) က ဦးစီးကျင်းပခဲ့ကြောင်း သိရသည်။

မြို့တော် ဖနောင်ပင်အနောက်ဘက်ရှိ RCA ဌာနချုပ်တွင် ကျင်းပသည့်တော်ဝင်ကြည်းတပ်တည်ထောင်ခြင်း(၂၅)နှစ်ပြည့် အခမ်းအနားသို့ ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်မာနက် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် စစ်ရေးပြချီတက်ခြင်းအပြင် တိုက်ပွဲဝင်တင့်ကားများ၊ သံချပ်ကာယာဉ်များ၊ အမြောက်များ၊ ဒုံးပစ်လောင်ချာများနှင့် အခြားလက်နက်များအပြင် စစ်ထရပ်ကားများကိုပါ သရုပ်ပြခဲ့သည်။

နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ နယ်မြေပိုင်ဆိုင်မှုနှင့် နိုင်ငံသားများကို ကာကွယ်ရန် ကြီးမားသော စွန့်လွှတ်အနစ်နာခံမှုများအတွက် တပ်မတော်သား ထောင်ပေါင်းများစွာအား ကျေးဇူးတင်ရှိကြောင်း အဆိုပါ အခမ်းအနားတွင် ၎င်းက ပြောကြားခဲ့သည်။

ကမ္ဘောဒီးယား တော်ဝင်ကြည်းတပ်သည် နိုင်ငံ၏ ငြိမ်းချမ်းရေးကို ထိန်းသိမ်းရာတွင် ကြီးမားသော ပံ့ပိုးကူညီမှုများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

လက်ရှိ လိုအပ်ချက်များကို ဖြည့်ဆည်းရေးနှင့် ခေတ်မီ စစ်လက်နက်ပစ္စည်းများကို အမီလိုက်နိုင်ရန်အတွက် တပ်ဖွဲ့ဝင်များအား ၎င်းတို့၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ရန်၎င်းက တိုက်တွန်းခဲ့သည်။

ကမ္ဘောဒီးယားတော်ဝင်ကြည်းတပ်ကို ၁၉၉၉ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**




# ၂၀၂၄ ခုနှစ် အာဆီယံခရီးသွားဖိုရမ် လာအိုနိုင်ငံ၌ ကျင်းပ



**ဗီယင်ကျန်း ဇန်နဝါရီ ၂၄**

၂၀၂၄ ခုနှစ် အာဆီယံ ခရီးသွားဖိုရမ်ကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

"အရည်အသွေးနှင့် တာဝန်သိခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲသော အာဆီယံအနာဂတ်" ခေါင်းစဉ်ဖြင့် အဆိုပါဖိုရမ်သည် နိုင်ငံတကာခရီးသွားများကို ပိုမိုဆွဲဆောင်ရန်အတွက် အာဆီယံခရီးသွားလုပ်ငန်းထုတ်ကုန်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရည်မှန်းထားကြောင်း သိရသည်။

ဒေသတွင်း ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့စေရန်နှင့် ပြည်သူများအတွက် ပိုမိုအထောက်အကူဖြစ်စေရန်လည်း မျှော်လင့်ကြောင်း လာအိုသတင်းအေဂျင်စီ ကေပီအယ်လ်က ဇန်နဝါရီ ၂၃ ရက်တွင် သတင်းဖော်ပြသည်။

တစ်ချိန်တည်းမှာပင် လာအိုနိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံတကာခရီးသွားများကို ယခင်နှစ်များထက် ပိုမိုဆွဲဆောင်နိုင်ရန် မျှော်လင့်ထားကြောင်း တရားဝင် ထုတ်ပြန်ခဲ့သည်။

လာအိုအစိုးရသည် ၂၀၂၄ ခုနှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည် ၂ ဒသမ ၇ သန်းကို ဆွဲဆောင်နိုင်ရန်နှင့် အမေရိကန်ဒေါ်လာ ၄၀၁ သန်းခန့်ရရှိနိုင်ရန်လည်း မျှော်လင့်ထားသည်။

အလားတူ ၂၀၂၅ ခုနှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည် ၂ ဒသမ ၉ သန်းအထိ မျှော်မှန်းထားပြီး အမေရိကန်ဒေါ်လာ ၄၃၄ သန်း ရရှိမည်ဟု ခန့်မှန်းထားသည်။

အဆိုပါခရီးသွားလာရေးဆိုင်ရာ မျှော်မှန်းချက်များကို ဖြည့်ဆည်းရန်အတွက် လာအိုအစိုးရသည် အခြေခံအဆောက်အအုံများ မြှင့်တင်ရေး၊ ခရီးသွားထုတ်ကုန်များ အရည်အသွေးမြှင့်ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုအရည်အသွေး မြှင့်တင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

လာအိုနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် (၄၄) ကြိမ်မြောက်နှင့် (၄၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် အခြားအာဆီယံဆက်စပ်အစည်းအဝေးများအပါအဝင် အရေးကြီးသောပွဲများကို ကျင်းပမည်ဖြစ်သည်။ အဆိုပါအစည်းအဝေးများကျင်းပခြင်းနှင့်အတူ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာကာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ တိုးပွားလာစေရန်နှင့် ၎င်း၏ ခရီးသွားလုပ်ငန်းကို ပိုမိုမြင့်မားလာစေရန် မျှော်မှန်းထားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ၌ ပင်လယ်စာပို့ကုန်မှ ယခုနှစ်အတွင်း ဝင်ငွေ ကန်ဒေါ်လာ ၁၀ ဘီလီယံအထိ ရရှိရေးမျှော်မှန်းထား

**ဟနွိုင်း ဇန်နဝါရီ ၂၄**

ယခုနှစ်ပထမနှစ်ဝက်တွင် ဗီယက်နမ်၏ ပင်လယ်စာ တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံမှ ၁၀ ဘီလီယံအထိ ရရှိရေး မျှော်မှန်းထားသည်ဟု ဗီယက်နမ်ပင်လယ်စာ တင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း၏ ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ် နယူးစ်သတင်းစာက ယနေ့တွင် သတင်းဖော်ပြသည်။

နိုင်ငံ၏ပင်လယ်စာတင်ပို့မှုသည် ယခုနှစ်တွင် တဖြည်းဖြည်းပြန်လည်ကောင်းမွန်လာပြီး ယခုနှစ် ဒုတိယနှစ်ဝက်တွင် ပိုမိုအပြုသဘောဆောင်လာမည်ဟု အသင်းကခန့်မှန်းထားသည်။

ပုစွန်လုပ်ငန်းမှ ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ လေးဘီလီယံ၊ သင်းခွေချပ်တင်ပို့ခြင်းမှ ၁ ဒသမ ၉ ဘီလီယံခန့်နှင့် ကျန်ပင်လယ်စာထွက်ကုန်များမှ ကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံမှ ၃ ဒသမ ၈ ဘီလီယံအထိ ရရှိရန် မျှော်မှန်းထားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ တစ်ဦး ထပ်မံစစ်ဆေးတွေ့ရှိ

**ဖနောင်ပင် ဇန်နဝါရီ ၂၄**

ကမ္ဘောဒီးယားနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ တစ်ဦး ထပ်မံစစ်ဆေးတွေ့ရှိကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အမျိုးသား ကျန်းမာရေး အင်စတီကျု၏ ဓာတ်ခွဲခန်းရလဒ်များအရ အမျိုးသားတစ်ဦးတွင် မျောက်ကျောက်ရောဂါ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ အမျိုးသားသည် ဆေးရုံတွင် ဆေးဝါးကုသမှုများ ခံယူလျက်ရှိသည်။

မျောက်ကျောက်ရောဂါသည် မျောက်ကျောက်ရောဂါရှိသူနှင့် တိုက်ရိုက် ထိတွေ့မှုမှတစ်ဆင့် ရောဂါ ကူးစက်နိုင်ကြောင်း ပြည်သူများကို ကျန်းမာရေး ဝန်ကြီးဌာနက ထပ်မံတိုက်တွန်းထားသည်။

ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ဦးတွင် မျောက်ကျောက်ရောဂါ ကူးစက်ခံထားရပါက ချက်ကြိုးမှတစ်ဆင့် မိခင်မှ ကလေးသို့ ရောဂါကူးစက်နိုင်သည်။

မျောက်ကျောက်ရောဂါ ကူးစက်ခံရသူသည် မျက်နှာ၊ လက်ဖဝါး၊ ခြေဖဝါး၊ ခန္ဓာကိုယ်၊ မျက်လုံးနှင့် ပါးစပ်တွင် အရည်ကြည်ဖုများ ထွက်ခြင်း စသည့် လက္ခဏာများ ဖြစ်ပေါ်လာပြီး အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သား နာကျင်ခြင်း၊ ခါးနာခြင်းနှင့် မောပန်းနွမ်းနယ်မှုများကို ခံစားရသည်။

အဆိုပါ ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေး ဌာန သို့မဟုတ် ဆေးရုံများသို့ သွားရောက်ပြသသင့်သည်။

ပြီးခဲ့သည့် ဒီဇင်ဘာလမှစပြီး လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ လေးဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုးကား – ဆင်ဟွာ ဘာသာပြန် – အောင်ကျော်ကျော်**



# မြေပြင်တံတားစီမံကိန်းအတွက် ထိုင်းအစိုးရက ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်

**ဗန်ကောက် ဇန်နဝါရီ ၂၄**

ထိုင်းအစိုးရသည် ပစိဖိတ်နှင့် အိန္ဒိယသမုဒ္ဒရာကို ဆက်သွယ်မည့် မြေပြင်တံတားစီမံကိန်းအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းပံ့ပိုးကူညီမှုများကို ဆက်လက်ရှာဖွေသွားမည်ဖြစ်ကြောင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူ Chai Wacharonke က ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

"သက်ဆိုင်တဲ့ အချက်အလက်တွေကို သေချာလေ့လာပြီး စီမံကိန်းမှာ ပါဝင်ဆောင်ရွက်ဖို့ ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်နေပါတယ်" ဟု အစိုးရပြောရေးဆိုခွင့်ရှိသူ Chai Wacharonke က ဝန်ကြီးချုပ် ဆရက်သာသာ ဗီဆင် ဦးဆောင်သော အစိုးရအဖွဲ့ အစည်းအဝေးအပြီး ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယခုဆောင်ရွက်မည့်လုပ်ငန်းများတွင် အစိုးရက ယမန်နှစ်အတွင်း အတည်ပြုခဲ့သည့် မြေပြင်တံတားစီမံကိန်းအပြင် ထိုင်းနိုင်ငံ အက်ဒမန်ကမ်းရိုးတန်းရှိ ရနောင်းခရိုင်နှင့် ထိုင်းနိုင်ငံ ပင်လယ်ကွေ့ရှိ Chumphon ပြည်နယ်တွင် ရေနက်ဆိပ်ကမ်းများ တည်ဆောက်ခြင်းတို့ကို လည်း ဆောင်ရွက်မည်ဖြစ်သည်။ ယင်းစီမံကိန်းများ ဆောင်ရွက်ခြင်းဖြင့် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်လာမည်ဖြစ်ကာ ဒေသတွင်း ကူးလူးဆက်ဆံမှုများလည်း မြင့်တက်လာမည်ဖြစ်ပြီး စီမံကိန်းများအတွက် ခန့်မှန်းခြေ စုစုပေါင်းကုန်ကျစရိတ်မှာ ထိုင်းဘတ်ငွေ တစ်ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံ) ရှိကြောင်း ထိုင်းအစိုးရထံမှ သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဇန်နဝါရီ ၂၂ ရက်တွင် မကွေးမြို့ ရေဝတီတံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Succeed ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)၊ မကွေးမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ Toyota Succeed ယာဉ်တစ်စီးနှင့် Honda Insight ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ မင်းဘူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်သုည ဒသမ ၇၃၆ တန်၊ အခြားသစ် သုည ဒသမ ၃၃၅ တန် (ခန့်မှန်းတန်ဖိုးငွေ ၆၃၄၈၂ ကျပ်)နှင့် မကွေးခရိုင်အတွင်း၌ တရားမဝင်အခြားသစ် ၅ ဒသမ ၄၂၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၈၇၅၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် SOJEN Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)တို့ကို သစ်တောဥပဒေအရလည်းကောင်း၊ ဇန်နဝါရီ၂၃ ရက်တွင် မင်းဘူးမြို့နယ် ရေဝတီတံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Yinzing 110 ဆိုင်ကယ်တစ်စီးနှင့် Shanyan 110 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၄၀၂၄၃၂၄၂ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၂၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ တရားမဝင် အခြားသစ် ၆ ဒသမ ၁၀၆ တန် (ခန့်မှန်းတန်ဖိုးငွေ ၄၂၇၄၆၂ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Junsha Stainless Steel Sink ၉၀၊ FRESH Solar Flood Light ၁၅၂ စုံ အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၆၁၃၅၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Hemorie အစာအိမ်ဆေးဘူး ၃၃၀၀၊ ကြယ်သီး ၅၉၅၄ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ၂၇၃၂၈၁၈၂ ကျပ်)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် DJI Mavic Air 2 Drone တစ်စုံ၊ Abhayrab Rabies Vaccino ခွေးရူးပြန်ရောဂါကာကွယ်ဆေး ၂၅၁ ဘူး အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၁၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၃၂၈၅၁၆၈၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မကွေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ဇန်နဝါရီ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရွာသာကြီး Dry Port ၌ မိုင်းလားမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် 100% Cotton Yarnကီလိုဂရမ် ၂၁၀၀၊ Kennede Air Cooler အလုံး ၃၆၀ (ခန့်မှန်းတန်ဖိုးငွေ ၁၉၄၂၉၅၄၉ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးနှင့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၈၉၄၂၉၅၄၉ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၃ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၀၉၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၁၆၈၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၀၈၉ တန်၊ သစ်မာ သုည ဒသမ ၅၉၇ တန် (ခန့်မှန်းတန်ဖိုးငွေ ၃၅၇၈၃၆ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၆၀၄၉၅၁၆ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၁ မှု (ခန့်မှန်းတန်ဖိုးငွေ၂၆၉၀၀၁၄၅၁ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက် ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရပ်စောက်မြို့နယ်တွင် ငွေကျပ် ၁၂ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ သန်း သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် ငွေကျပ် ၁၂ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ သန်း သိမ်းဆည်း ရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ယာဉ်နှစ်စီးဖြင့် မူးယစ်ဆေးဝါးများ သယ်ဆောင်မည်ဖြစ်ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် ည ၇ နာရီခွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ရပ်စောက်-အင်တောသွားကားလမ်း ထင်းကွင်းကျေးရွာအနီးတွင် စောင့်ဆိုင်းနေစဉ် အင်တောမှ ရပ်စောက်သို့ သတင်းရရှိထားသော ဖော်ဝင်းသိန်း မောင်းနှင်ပြီး ထူးဝင့်မောင် လိုက်ပါလာသည့် Hilux ယာဉ်နှင့် အောင်ပြည့်စုံဦး (ခ) ပြည့်စုံ မောင်းနှင်ပြီး မထူးထူးအောင် လိုက်ပါလာသည့် Canter ခြောက်ဘီးယာဉ်တို့ကို ရှာဖွေရာ Canter ခြောက်ဘီးယာဉ်ပေါ်တွင် မီးသွေးအိတ်များဖြင့် ဖုံးအုပ် သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၁၂ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ သန်း သိမ်းဆည်းရမိခဲ့ပြီး ဖမ်းမိ တရားခံများ၏ ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၁၁ နာရီခွဲတွင် စိတ်ကြွ ရူးသွပ်ဆေးပြားများ တာဝန်ခံ သယ်ဆောင်ခိုင်းသူ အောင်ကျော်မျိုး(ခ) ရဲထွဋ်(ခ) ရှမ်းလေးအား ရွှေညောင်မြို့ ပြည်ထောင်စုလမ်း နယ်မြေ(၂)ရှိ ၎င်း၏နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရပ်စောက်မြို့နယ် ကျောက်ဂူကျေးရွာမှ တောင်ကြီးမြို့နယ် ရွှေညောင်မြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၁-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ သာသနာ့အလင်းဆောင် စမတောင်ပေါ်မှ ဆုတောင်းပြည့်စေတီတော်များ
- ၀၉:၁၅ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- ၀၉:၄၀ NRC အစီအစဉ်(ဗမာ)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ ချစ်စရာ...မချမ်းဘော
- ၁၁:၄၀ Next Level
- ၁၂:၃၅ တိပိဋကဓရ၊ တိပိဋကကောဝိဒ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုနန္ဒ၏ 'မြတ်ဘုရားထံမှချမ်းသာရ' တရားတော်
- ၁၃:၃၀ MRTV National News
- ၁၄:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း-၁၆)
- ၁၅:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း'** (အပိုင်း-၁၀၇)
- ၁၆:၁၅ ကြံ့ဖတ်မှသည်ကုန်ချောနှစ်မျိုးဆီသို့
- ၁၇:၀၅ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဘယ်သူမှန်လဲအပြိုင်ကြဲ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **'အုံ့ဘွယ်ချစ်ပုံပြင်'** (အပိုင်း-၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း-၁၀)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ **'ရုပ်ကွက်ထဲမှာဒီလိုပဲ'** (အပိုင်း-၁၀)

### mitv

- 07:02 Evergreen Classic: Dhamma Set Taw (Sein Lei Lei)
- 07:08 Ananda Temple
- 07:48 Popa Trip
- 08:01 News
- 08:26 Commercial Farmimg to GDP Growth, Cucumber Grower
- 08:45 Healthy Diet: Keto Diet
- 08:55 Myanmar Mother's Day (25th January)
- 09:01 Inlay Traditional Lotus Fabric
- 09:14 Me & My Dancing Brother
- 09:43 Products of Myanmar - Myanmar Circular Stone Slab
- 10:01 News
- 10:27 Children's Delight: Twelve Seasonal Festivals in Myanmar (Misty and Dewy Month Pyartho)

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
မလေ့ရှိးရာသမက်တက်မင်္ဂလာ

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
လင်းခေးမြို့ရဲ့ကြံသကာချက်နည်း

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
လူငယ်နှင့်လူ့ပတ်ဝန်းကျင်(အပိုင်း-၅)

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ကချင်ရိုးရာထမင်းထုပ်နည်း

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ကယားရိုးရာကြက်သားဟင်းထုပ်

**ပအိုဝ်း ကရင် (၁၆:၀၀ မှ ၁၇:၀၀)**
သွေးတိုးရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
သွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် အဓိမြန်မာပြည်(အပိုင်း-၉)

**ချင်း (လိုင်းဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
ဟင်းခတ်အမွှေးအကြိုင်

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
လူသားတို့ရဲ့ကျေးဇူးရှင်များ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင် ဇီဝမျိုးကွဲစုံလင်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'မမှန်သတင်းပေးခြင်း'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ပြည်သူအားလုံးနှင့်သက်ဆိုင်သည့်အနာဂတ် ဒီမိုကရေစီ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂၇)
- ၁၈:၀၀ ရွေးကောက်ပွဲများအတွက် အီလက်ထရောနစ်မဲပေးစနစ်

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၅ စက်မှုလယ်ယာစွမ်းအား နိုင်ငံ့အင်အား
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ နှစ်ဆယ်ရာစုမျက်ရည်စက်များ(ဇာတ်လမ်း)
- ၂၂:၀၀ The Batman (Episode-2) (နိုင်ငံခြားဇာတ်လမ်း)
- ၂၃:၃၀ Modern Agriculture Machines Harvesting Tons of Fennel, Red Cabbage, Green Onion, Broccoli...

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၆:၄၅ Football Highlight
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၅ Weekly Soccer Preview

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တို့တွင် ပြည်သူများ သေဆုံးဒဏ်ရာ ရရှိခဲ့ကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၄

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ပုလဲတောင်ကျေးရွာကို ဇန်နဝါရီ ၂၃ ရက်က တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ကာ ညီအစ်ကို သုံးဦးသေဆုံးခဲ့ပြီး ရှစ်ဦးထက်မနည်း ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာက လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်သတင်းပေးပို့ချက်များနှင့် ဘူးသီးတောင်မြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာများအား ဇန်နဝါရီ ၂၃ ရက်တွင် AA သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ပုလဲတောင်ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများနေထိုင်ရာ မြို့၊ ရွာများကို လက်နက်ကြီးဖြင့် ပစ်ခတ်မှုမရှိကြောင်း သိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာများကို ဇန်နဝါရီ ၂၁ ရက်တွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် လိန်ပင်ဝဲကျေးရွာ ဖိုးအင်ကုန်းမှ ပြည်သူနှစ်ဦးနှင့် ဝါချဲကျေးရွာမှ ပြည်သူတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ်လေးလုံးပျက်စီးခဲ့သည်ဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိပြီး မြေပြင်စုံစမ်းသိရှိရသော သတင်းများအရ ဇန်နဝါရီ ၂၁ ရက်တွင် အဆိုပါမြို့နယ်ရှိ ကျေးရွာများဝန်းကျင်အနီး၌ တပ်မတော်စစ်ကြောင်းများ နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်မှုကို အကြမ်းဖက်သောင်းကျန်းသူများက အဝေးမှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ Drop Bomb ချတိုက်ခိုက်ခြင်းများ လုပ်ဆောင်ခြင်းတို့ကြောင့် ဒေသခံပြည်သူများ နေထိုင်ရာ ကျေးရွာများအတွင်းသို့ ကျရောက်ပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။







တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် တပ်မတော်အပေါ် နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်ရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် မြေပြင်နှင့်လွဲမှားသည့် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားပြီး ပြည်သူများမှ အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နောင်ချိုမြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



ထွယ်ဆန်အောင် အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၄

နောင်ချိုမြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နောင်ချိုမြို့နယ် မကျီးရေကျေးရွာအနီးတွင် ထွယ်ဆန်အောင် မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၀ ကိုလည်းကောင်း၊ အလားတူ ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် လိန်းလီကျေးရွာအနီးတွင် တင်အောင် မောင်းနှင်ပြီး မနန်းသန်းတင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# ဘုတ်ပြင်းမြို့နယ် ကံမော်ကြီးကျေးရွာ၌ မီးလင်းရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

ဘုတ်ပြင်း ဇန်နဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုတ်ပြင်းမြို့နယ် ကံမော်ကြီးကျေးရွာ၌ ဆိုလာအသေးစားဓာတ်အားပေးစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ကျေးရွာရပ်မိရပ်ဖများ၊ မီးလင်းရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဌာန၊ ကုမ္ပဏီနှင့် ကျေးရွာက ပေါင်းစပ်ဆောင်ရွက်ရမည့် အခန်းကဏ္ဍများ၊ ကျေးရွာမှတင်ပြသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အချက်အလက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ဆိုလာအသေးစားဓာတ်အားပေးစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကို MEGA GLOBAL GREEN AUTOMATION ကုမ္ပဏီက မဲခေါင်-လန်ချန်း အထူးထောက်ပံ့ရန်ပုံငွေဖြင့် ကျေးလက်ဦးစီးဌာနဘတ်ဂျက် ၆၀ ရာခိုင်နှုန်း၊ ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံငွေ ၂၀ ရာခိုင်နှုန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း စုစုပေါင်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ရှစ်သိန်းနှစ်သောင်းကျော် အသုံးပြု၍ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ တတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ၏ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မင်းမြင့်မိုရ်

**တစ်လှေတည်းစီး**
**တစ်ခရီးတည်းသွား**
**ပြည်ထောင်စုသား သွေးချင်းများ**
**တွဲထားလက်များ ခိုင်စေသား**

# တာမွေမြို့နယ်၌ မူးယစ်ဆေးဖြတ်သင်တန်းသားများအား စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲခြင်း စီမံခန့်ခွဲမှုဘာသာရပ် ဆွေးနွေးပို့ချ

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုရုံးတွင် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ စောင့်ရှောက်မှုခံယူနေသည့် မူးယစ်ဆေးဖြတ်သင်တန်းသားများအား ယနေ့နံနက်ပိုင်းက အဆိုပါအသင်းရုံး မေတ္တာစံအိမ်ခန်းမ၌ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း စီမံခန့်ခွဲမှုဘာသာရပ်ကို ဆွေးနွေးပို့ချသည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာ ညီညီ (စိတ်ပညာ)က မူးယစ်ဆေးဖြတ်သင်တန်းသားများအား စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းစီမံခန့်ခွဲမှု အကြောင်းအရာများနှင့် ပတ်သက်၍ အကျယ်တဝင့် အသိပညာပေးရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ စာရေးဆရာညီညီ(စိတ်ပညာ)က ပြန်လည်ရှင်းလင်းဖြေကြားသည်။

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟိုအနေဖြင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ ပြန်လည်ထူထောင်ရေးစခန်းအသီးသီးတွင် မူးယစ်ဆေးဖြတ်ပြီးသည့် မူးယစ်ဆေးဖြတ်သင်တန်းသားများအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃ ခုနှစ်အတွင်း စုစုပေါင်း မူးယစ်ဆေးဖြတ်သင်တန်းသား ၉၈ ဦးကို စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)



# ပေါင်မြို့နယ်၌ ပြည်နယ်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုအတွက် ကွင်းဆင်းစစ်ဆေး

ပေါင် ဇန်နဝါရီ ၂၄

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြည်နယ်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆုအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက အထက ဇင်းကျိုက်ကျောင်း၌ ပြုလုပ်သည်။

ထိုသို့စစ်ဆေးမှုပြုလုပ်ရာတွင် မွန်ပြည်နယ်ပညာရေးမှူး နန့်စယ်လီလှိုင်၊ မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူရလှိုင်၊ သထုံခရိုင်ပညာရေးမှူး ဦးခဲမိုင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မွန်ပြည်နယ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း ပြည်နယ်အဆင့် ဆုရွေးချယ်စိစစ်ရေးအတွက် အခြေခံစံနှုန်းလေးခု၊ အညွှန်းကိန်း ၁၇ ချက်နှင့် ကိုက်ညီမှု ရှိ/မရှိ နှိုင်းယှဉ်စစ်ဆေးခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ယခုကာလတွင် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များ၌ မီးစက်ထက် ဆိုလာကို ပိုမိုရောင်းချနေရ

ရန်ကုန် ဇန်နဝါရီ ၂၄

ယခုကာလတွင် လျှပ်စစ်ပစ္စည်း အရောင်းဆိုင်များ၌ မီးစက်ထက် ဆိုလာကို ပိုမိုရောင်းချနေရကြောင်း လျှပ်စစ်နှင့်ပတ်သက်သော ပစ္စည်းများကို ရောင်းချနေသည့်ဆိုင်များကို မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

**ပိုမိုများပြားနေ**

ယခုရက်ပိုင်းတွင် ဈေးကွက်အနေအထားမှာ အေးနေသော်လည်း မီးစက်ဝယ်ယူသူများထက် ဆိုလာဝယ်ယူသူများက ပိုမိုများပြားနေခြင်းဖြစ်ကြောင်း လျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

"ဒီရက်ပိုင်း ဈေးကွက်က အေးနေတယ်။ တစ်လနှစ်လလောက်တော့ရှိပြီ။ ပုံမှန် တစ်နေ့ကို သိန်းသုံးရာ လေးရာ ရောင်းရတဲ့အခါလည်း ရှိတယ်။ သိန်းနှစ်ရာလောက် ရောင်းရတဲ့ အခါမျိုးလည်းရှိတယ်။ အဲဒီလိုအနေအထားမှာ အခုက သိန်းရှစ်ဆယ်၊ တစ်ရာလောက်ပဲ ဒီရက်ပိုင်းတွေမှာ ရောင်းရတာပါ။ မီးစက်ရောင်းရတာတော့မရှိဘူး။ ဆိုလာပဲ ရောင်းရတယ်" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

လက်ရှိ ဆိုလာဝယ်ယူရာတွင် တတ်နိုင်သူများက အဲကွန်းအသုံးပြုနိုင်သည့် ဆိုလာများကို ဝယ်ယူနေကြပြီး ဆိုလာနှင့် တွဲဖက်အသုံးပြုရသော ဘက်ထရီအပါအဝင် အခြားပစ္စည်းများလည်း ဈေးကွက်တွင် အဝယ်လိုက်နေသည့် အခြေအနေရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာတော့ ဘက်ထရီလည်း ရောင်းရတယ်။ ရန်ကုန်ကလည်း ဝယ်ကြသလို နယ်ကလည်း ဝယ်ကြတာများတယ်။ ကျွန်တော့်ဆိုင်အနေအထားအရတော့ မီးစက်ရောင်းအားနဲ့ ဆိုလာရောင်းအားကို နှိုင်းယှဉ်မယ်ဆိုရင် ဆိုလာက ပိုပြီးရောင်းရတဲ့ သဘောရှိတယ်။ အစကတော့ ဆိုလာကို ဆိုဒ်သေး။ အခုတော့ ပိုပြီးဆိုဒ်ကြီးတာတွေမျိုးလည်း ဝယ်ယူအသုံးပြုလာကြတာ တွေ့ရပါတယ်။ ကျွန်တော်ကတော့ နယ်ဈေးကွက်ကို အဓိကထား ရောင်းချရတာ။ နယ်ဘက်က တော်တော်လေး ဝယ်လာတာတွေ့ရတယ်" ဟု လျှပ်စစ်ပစ္စည်းရောင်းဝယ်သူက ပြောသည်။

သစ်တော်

# သာယာဝတီမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်များဖြင့် စိုက်ပျိုးနိုင်ရန် ပျိုးထောင်နည်းစနစ် လက်တွေ့သရုပ်ပြသ

သာယာဝတီ ဇန်နဝါရီ ၂၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် လက်ဆွဲကောက်စိုက်စက်များဖြင့် စိုက်ပျိုးနိုင်ရန် ပျိုးထောင်နည်းစနစ်များ လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့က သင်တောရိုးကျေးရွာ ကွင်းအမှတ် (၁၂၅၁) ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လယ်မြေ ငါးဧကအတွင်း



လက်တွေ့ရှင်းလင်းပြသခဲ့သည်။

စက်ပိုင်တောင်သူများနှင့် စိတ်ပါဝင်စားသူ တောင်သူများအား စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးအောင်သူက လက်ဆွဲကောက်စိုက်စက်နှင့်ပတ်သက်သည့် အချက်အလက်များ၊ ပျိုးထောင်ရာတွင် ဆားရည်စိမ်ခြင်း၏ ကောင်းကျိုးများ၊ ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ခြင်းများ၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန် ပျိုးပင်များလှီးဖြတ်ခြင်းများနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးပြသခြင်းများ စသည့် ပျိုးထောင်ခြင်းမှစ၍ စိုက်ပျိုးသည်အထိ လက်တွေ့ရှင်းလင်းပြသခဲ့သည်။

အဆိုပါလက်တွေ့ရှင်းလင်းပြသရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် တာဝန်ရှိသူများက လက်ဆွဲကောက်စိုက်စက်ဝယ်ယူအသုံးပြုမည့် တောင်သူများနှင့် စိတ်ပါဝင်စားသူတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

❖ **ကျောဖုံးမှ**

ဟောင်ဆန်ရဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့တဲ့သွင်းဂိုး၊ ၂၉ မိနစ်မှာ အန်ဇိုဖာနန်ဒက်ဇ်ကတစ်ဂိုး၊ ၃၆ မိနစ်မှာ ဒီဆာဆီကတစ်ဂိုး၊ ၄၂ မိနစ်နဲ့ ၇၇ မိနစ်တို့မှာ ပယ်လ်မာကနှစ်ဂိုး၊ ၈၁ မိနစ်မှာ မာဒူကီကတစ်ဂိုး သွင်းယူပေးခဲ့ပြီး မစ်ဒယ်ဘရော့အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ၈၈ မိနစ်မှာ ရော့ဂျာက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မစ်ဒယ်ဘရော့အသင်းဟာ အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ အီးအက်ဖ်အယ်လ်ဖလား ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်မှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပေမယ့် အခုဒုတိယအကျော့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းကို ဂိုးပြတ်ရှုံးနိမ့်ကာ ပြိုင်ပွဲကနေ ထွက်ခဲ့ရတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ မစ်ဒယ်ဘရော့အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အီးအက်ဖ်အယ်လ်ဖလား ဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီး ဗိုလ်လုပွဲမှာ လီဗာပူးအသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ပွဲစဉ်မှ အနိုင်ရရှိတဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ အီးအက်ဖ်အယ်လ်ဖလား ဗိုလ်လုပွဲစဉ်ကိုတော့ ဖေဖော်ဝါရီ ၂၅ ရက်မှာ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားမှာဖြစ်တယ်လို့ သိရပါတယ်။ ငွေကြယ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၈၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၅ | ၂၆၅၅ | ၂၆၄၀ | ၂၆၂၀ | ၂၇၂၀ | ၂၇၃၅ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၉၀၅ | ၂၉၀၀ |
| 95 Ron | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၂၅ | ၂၇၆၅ | ၂၇၉၀ | ၂၇၇၅ | ၂၇၅၀ | ၂၈၅၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၃၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၂၀ | ၂၅၂၀ | ၂၇၅၀ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၉၅ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၀ | ၂၅၄၀ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၀ | ၂၈၁၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၅ | ၂၅၁၅ | ၂၅၅၅ | ၂၅၇၅ | ၂၅၇၅ | ၂၅၄၀ | ၂၆၆၀ | ၂၆၅၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၉၀ | ၂၅၉၅ | ၂၅၉၅ | ၂၈၂၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၆၆ | ၂၅၄၈ |
| 95 Ron | ၂၅၉၄ | ၂၆၇၉ |
| HSD (500 ppm) | ၂၃၁၆ | ၂၃၉၂ |
| HSD (50 ppm) | ၂၃၇၆ | ၂၄၅၃ |
| HSD (10 ppm) | ၂၃၈၈ | ၂၄၆၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ




# "ကမ္ဘောဇချယ်ရီ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇန်နဝါရီ ၂၄

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "ကမ္ဘောဇချယ်ရီ" တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၂၆ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ Friday Night Live Show အဖြစ် တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ရှမ်းတိုင်းရင်းသားများ တီးခတ်မည့် ရှက်လှေတေးဂီတအဖွဲ့နှင့်အတူ ရှမ်းပြည်နယ်မှ နာမည်ရ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူ တေးသံရှင်များဖြစ်ကြသည့် စိုင်းအောင်ခမ်းမိန်း၊ စိုင်းဆိုင်စင့်ဖ၊ စိုင်းဂီတ၊ စိုင်းဟုမ်ဟတ်၊ ယိမ်းမွေမောဝ်းနှင့် နန်းဆိုင်ဝမ်းလျန်းတို့က ရှမ်းပြည်နယ်၏ အေးချမ်းသာယာလှပမှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ရှမ်းရိုးရာဓလေ့၊ ဖြူစင်ရိုးသားမှုနှင့် ရင်းနှီးခင်မင်မှုတို့အား ဖော်ညွှန်းသည့် တေးသီချင်းများကို မြန်မာ/ရှမ်းနှစ်ဘာသာဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို ဇန်နဝါရီ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)နှင့် ကွန်ပျူတာအသင်းများ၏ (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)နှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း(MCIA)နှင့် မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်း (MCEA) များ၏ (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC II) ၌ မြန်မာနိုင်ငံ ကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် "Towards Digital Myanmar" ခေါင်းစဉ်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

**တက်ရောက်ကြည့်ရှုအားပေးနိုင်**

ယင်းအခမ်းအနားတွင် ICT ဝန်ဆောင်မှုပြခန်းများ၊ ပုဂ္ဂလိက ICT ကုမ္ပဏီကြီးများ၏ ထုတ်ကုန်ပြခန်းများ၊ ကျောင်းသားလူငယ်များ၏ နည်းပညာပြခန်းများ ခင်းကျင်းပြသသွားမည်ဖြစ်သည့်အပြင် နိုင်ငံတော်အဆင့် Digital Myanmar သို့ အသွင်ကူးပြောင်းခြင်းဆိုင်ရာ Panel ဆွေးနွေးခြင်း၊ စာတမ်းဖတ်ခြင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ ICT ပညာရှင်များက ဟောပြောပို့ချခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

**ဆရာကြည်**

(၂၇-၁၁-၂၀၂၃ ရက်နေ့မှအဆက်)

ထို့ကြောင့် ဘုရားရှင်သည် နောင်သောအခါ၌ ရဟန်းများအား ဧတဒဂ်ပေးသောအခါ၌ ရဟန်းတို့ တောကျောင်း၌နေသော ငါဘုရား၏ တပည့်ရဟန်းတို့တွင် ဤရှားတော၌နေသော ရှင်ရေဝတသည် အမြတ်ဆုံးဖြစ်ပေသည်ဟူ၍ မိန့်မြွက်သည်။ ရှင်ရေဝတသည် အာရညက (တောကျောင်းနေ) ဧတဒဂ်အရာ၌ ထားတော်မူလေသည်။

### အရှင်ရာဟုလာအား သိက္ခာကာမ ဧတဒဂ်အရာ ရရှိခြင်းနှင့် မာရ်နတ်ခြောက်လှန့်ခြင်း

ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တစ်နေ့ မိုးချုပ်သောအခါ၌ မထေရ်တို့သည် ယင်းကျောင်းတော်သို့ဝင်လာပြီး ရာဟုလာ၏နေရာတွင် နေထိုင်ကြကုန်သည်။ အရှင်ရာဟုလာသည် ရဟန်းတွင် ဝါအငယ်ဆုံးဖြစ်၍ ရဟန္တာဖြစ်သော်လည်း ယင်းမထေရ်ကြီးများကို ဦးစားပေးရသည်။

ထို့ကြောင့် အရှင်ရာဟုလာသည် သူ့နေရာသို့ လာနေကြသော မထေရ်ကြီးတို့အား တားမြစ်ပိုင်ခွင့်မရှိချေ။ အခြားနေရာများကို ရှာသည်။ မတွေ့သောအခါ ၎င်းသည် ဘုရားရှင်၏ ဂန္ဓကုဋိတိုက်မုခ်ဦးတွင် နေထိုင်ပြီး လျောင်းတော်မူရလေသည်။ အရှင်ရာဟုလာသည် ရဟန်းဖြစ်စ ရဟန္တာဖြစ်ပြီး ဝါမရသေးသော ရဟန်းတစ်ပါး ဖြစ်သည်။

ထိုအခါ မာရ်နတ်သားသည် ဝသဝတ္တီနတ်ပြည်၌ နေရင်းကပင် ရှင်ရာဟုလာ၏အဖြစ်ကို မြင်လျှင် ၎င်း၏ ထုံးစံအတိုင်း ဘုရားရှင်အား အနှောင့်အယှက်ဖြစ်စေလိုသောကြောင့် ဘုရားရှင်၏ လက်ချောင်းလေးဖြစ်သော ရာဟုလာအားထိလျှင် ဘုရားရှင်နာမည်ဟု သိသည်။ ထို့ကြောင့် ဘုရား၏ ဂန္ဓကုဋိအပြင်တွင် လျောင်းစက်နေသော ရာဟုလာအား မာရ်နတ်သည် ကြီးမားသောဆင်မင်းအသွင် ဖန်ဆင်း၍ နှာမောင်းဖြင့် ရာဟုလာ၏ဦးခေါင်းကို ပွေ့ပိုက်ပြီး မြည်ဟီးလေသည်။

ဘုရားရှင်ကလည်း ဂန္ဓကုဋိတိုက်တွင်ရှိသောကြောင့် မာရ်နတ် နှောင့်ယှက်သည်မှန်းသိတော်မူလေသည်။ ထို့ကြောင့် ဘုရားရှင်က မာရ်နတ်အား "ဟယ် မာရ်နတ် သင်ကဲ့သို့ မာရ်နတ်တစ်ဦးမဆိုထားနှင့် မာရ်နတ်ပေါင်းတစ်သိန်းသည်ပင် ငါ့သားတော်အား ကြောက်ရွံ့အောင်မလုပ်နိုင်။ ငါ့သားတော် ရာဟုလာသည် ထိတ်လန့်ခြင်း အလျှင်းမရှိ၊ တဏှာကင်းပြီးသူ၊ လုံ့လဝီရိယကြီးမားသူ၊ ဉာဏ်ပညာကြီးမားသူဖြစ်ပေသည်"ဟူ၍ ရာဟုလာအကြောင်းကို မိန့်တော်မူလိုက်လေသည်။ မာရ်နတ်သည် ဘုရားရှင်က သူ့အား မြင်သွားသည်ဖြစ်၍ သူ့လုပ်ရပ်ကို ရုပ်သိမ်း၍ ပျောက်ကွယ်သွားလေသည်။

ရာဟုလာသည် သာမဏေဘဝမှစ၍ နံနက်အိပ်ရာထလျှင် လက်ခုပ်ဖြင့် သဲမှုန်များကိုလူးပြီးနောက် နေ့စဉ်ဘုရားရှင်ထံမှ လည်းကောင်း၊ ဥပဇ္ဈာယ် ဆရာမထေရ်တို့ထံမှ လည်းကောင်း သူ့လက်ခုပ်ဖြင့် ယူထားသော သဲမှုန်နှင့်အမျှ အဆုံးအမဩဝါဒကို ရလိုပါ၏ဟူ၍ ဆိုလေ့ရှိပါသည်။ ရာဟုလာသည် ဘုရားရှင်၏ အဆုံးအမကို ခံယူနာယူတတ်ပြီး ဥပဇ္ဈာယ်ဆရာမထေရ်များ၏ ဆုံးမဩဝါဒကိုလည်း နာယူတတ်သည်။ ထို့အပြင် ထိုသို့ဆုံးမသည့်အတိုင်း လိုက်နာကျင့်သုံးနေထိုင်သူ ဖြစ်ပါသည်။ ထို့ကြောင့် ရဟန်းတော်များအလယ်၌ သာမဏေရာဟုလာသည် အဆုံးအမကို လွယ်ကူစွာခံယူတတ်သူဖြစ်ခြင်းကြောင့် သားထူးသားမြတ်အဖြစ် ချီးမွမ်းခြင်းကို



ခံရလေသည်။

ထို့ကြောင့် နောင်သောအခါ၌ ရဟန်းတို့အား "ဧတဒဂ်" ထားတော်မူသည့်အခါ၌ ဘုရားရှင်က ရဟန်းတို့ သိက္ခာသုံးပါးကို လိုလားကြသည့် ငါဘုရား၏ တပည့်ရဟန်းတို့တွင် ရာဟုလာသည် အမြတ်ဆုံးဖြစ်ပေ၏ဟူ၍ ဆိုသည်။ ၎င်းအား သိက္ခာကာမ ဧတဒဂ်အရာ၌ ထားတော်မူလေသည်။

### သူစိလောမ၊ ခရလောမ ဘီလူးနှစ်ဦး သောတာပန်ဖြစ်ခြင်း

ဂယာရွာကြီးသည် ဗောဓိပင်အနီးတွင်ရှိပြီး ယင်းရွာတံခါးဝ၌ အညစ်အကြေး၊ အမှိုက်များ စွန့်ပစ်ရာ မြေနေရာရှိသည်။ ထိုနေရာတွင် သူစိလောမ မည်သော နတ်ဘီလူးကြီးတစ်ဦး နေသည်။ ယင်းနတ်ဘီလူးနေရာအနီး၌ပင် ခရလောမ မည်သော နတ်ဘီလူးကြီးတစ်ဦးလည်း ရှိပါသည်။ ၎င်းနတ်ဘီလူးနှစ်ဦးသည် သူတို့အချင်းချင်း ချစ်ခင်သမှုရှိကြသည့် မိတ်ဆွေများလည်း ဖြစ်ကြသည်။

သူတို့နှစ်ဦးသည် ရှေးကံအကြောင်းကြောင့် ဤသို့အားဖြင့် ဘီလူးဖြစ်နေရခြင်းဖြစ်ပါသည်။ ကဿပဘုရားရှင်လက်ထက်၌ အလွန်မာနကြီးသော ရဟန်းတစ်ပါးသည် ခရီးဝေးမှ ပြန်လာသည်။ ထိုအခါ၌ ၎င်းကိုယ်၌ အညစ်အကြေး၊ ချွေးအစရှိသည်တို့ရှိလျက် ကိုယ်မသန့်ရှင်းဘဲ သံဃိကဖြစ်သော ညောင်စောင်းပေါ်၌ အဝတ်မပါဘဲ တက်၍ အိပ်သည်။ သူ၏မာနနှင့် ဤမကောင်းမှုကံတို့ကြောင့် သေသောအခါ၌ ယခုကဲ့သို့ ဗောဓိပင်အနီး၌ အပ်နှင့်တူသည့် အမွေးများ ရှုပ်ထွေးစွာပေါက်၍ သူစိလောမဟူသော နတ်ဘီလူးကြီး ဖြစ်လာရသည်။ ထိုကဿပဘုရားရှင်လက်ထက်၌ပင် ဒါယကာတစ်ဦးသည် သီလဆောက်တည်လျက်ရှိသော ရဟန်းတို့၏ ပစ္စည်းကို လှည့်ပတ်ယူသည်။ ထို့အပြင် သံဃိကဆီဖြင့် ကိုယ်ကိုလိမ်းကျံ၍ ကောင်းစွာခင်းထားသော သံဃိက နေရာပေါ်၌ လှဲအိပ်နေသည်။ ဤသို့သော မကောင်းမှုတို့ကြောင့် သူသည် သေသောအခါ၌ သူစိလောမဘီလူးနေသောနေရာ၌ပင် ဖွတ်မိကျောင်းကဲ့သို့ ကြမ်းတမ်းသော ကျောကုန်းဖြင့် ကိုယ်ရှိသည့် ခရလောမနတ်ဘီလူး ဖြစ်ရလေသည်။

တစ်နေ့သောအခါ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် နံနက်ခင်း၌ ဘုရားရှင်တို့၏ ထုံးစံအတိုင်း လောကကြီးကို သဗ္ဗညုတဉာဏ်ဖြင့် ကြည့်သောအခါ ယင်းဘီလူးနှစ်ဦးသည် သောတာပန်ဖြစ်လတ္တံ့ကို မြင်တော်မူလေသည်။ ထို့ကြောင့် ဘုရားရှင်သည် နံနက်ဆွမ်းခံကြွချိန်၌ ၎င်းဘီလူးနှစ်ဦးနေသော အညစ်အကြေးစွန့်ရာမြေကို ဂန္ဓကုဋိတိုက်ကဲ့သို့ တစ်ပါးတည်းကြွလေသည်။ ၎င်းတို့နှစ်ဦး အစာရှာထွက်နေသည့် အခါလည်းဖြစ်သည်။ ဘီလူးများ ပြန်လာသောအခါ ခရလောမဘီလူးသည် ဘုရားရှင်ကိုမြင်၍ သူစိလောမဘီလူးအား သင့်နေရာတွင် ရဟန်းတစ်ပါး ဝင်ရောက်နေထိုင်သည်။ သင်မမြင်လောဟူ၍ ပြောလေသည်။

သူစိလောမဘီလူးက ဤရဟန်းသည် ရဟန်းအစစ် ဟုတ်၊ မဟုတ် စုံစမ်းမည်။ သူတို့ ဖန်ဆင်းပြသည်ကိုကြောက်လျှင် ရဟန်းအစစ်မဟုတ်၊ မကြောက်လျှင် အစစ်ဖြစ်မည်ဟု ကြံစည်လေသည်။ သူစိလောမဘီလူးသည် တစ်မိုက်မျှရှည်သော အမွေးများဖြင့် ဘုရားရှင်ပေါ်သို့ လှိမ့်ချလိုက်ရာ ဘုရားရှင်က စောင်း၍ရှောင်တိမ်းလေသည်။ ထိုအခါ၌ သူစိလောမနတ်ဘီလူးက ဘုရားရှင်ကို သူ့အားကြောက်သလားဟူ၍ မေးလေသည်။ ဘုရားရှင်က သူစိလောမ ငါကား သင့်ကိုမကြောက်ပါ။ သင်၏ကိုယ်အတွေ့သည် သံဆူးပုံကဲ့သို့ အလွန်ကြမ်းတမ်းယုတ်မာပြီး မစင်ကဲ့သို့ အလွန်စက်ဆုပ်ဖွယ်ရှိသည်။ ထို့ကြောင့် ငါ့ကိုယ်ဖြင့် တွေ့ထိခြင်းငှာ မသင့်လျော်၊ မလျောက်ပတ်သောကြောင့် ငါဖယ်ရှားတော်မူသည်ဟု မိန့်တော်မူလေသည်။

သူစိလောမဘီလူးသည် သူ့အား ယုတ်မာသောအတွေ့ရှိသည်ဟု ဘုရားရှင်က မိန့်တော်မူခြင်းကို မကျေနပ်၍ အလွန်ကြောက်ရွံ့ဖွယ်ကောင်းသည်ကို ဖန်ဆင်း၍ စားမည့်ဟန်လုပ်လေသည်။ ထိုအခါ ဘုရားရှင်က ပြုံးတော်မူလျက် သူစိလောမ သင်ပြုသမျှကို မကြောက်မထိတ်လန့်ကြောင်း မိန့်တော်မူပြန်လေသည်။

သူစိလောမဘီလူးလည်း သူယခုကဲ့သို့ပြုလျှင် အခြားသူများဆိုလျှင် အသက်ထွက်သွားချေမည်။ ယခု၌ကား ဤရဟန်းသည် မည်သို့မျှ မထူးခြားသည်ကို သိသွားလေသည်။ ၎င်းက ဘုရားရှင်အား ရဟန်း သင်သည် တည်ငြိမ်သည်၊ သတိပညာကြီးစွာရှိသည်။ ထို့ကြောင့် ကျွန်ုပ်သိလိုသော ပြဿနာကို မေးမည်။ သင်မဖြေနိုင်လျှင် သင့်စိတ်ကို ရူးသွပ်အောင်လုပ်မည်။ နှလုံးကို ခွဲပစ်မည်။ သင်၏ ခြေနှစ်ချောင်းကိုကိုင်၍ သမုဒ္ဒရာသို့ လွှင့်ပစ်မည်ဟူ၍ ခြိမ်းခြောက်ပြောဆိုလေသည်။

ဘုရားရှင်က သူစိလောမ သင့်လိုလူမျိုးမဟုတ်၊ သင့်ထက် တန်ခိုးရှင်များပင် ငါ့အား ဤသို့ ညှဉ်းဆဲပြုလုပ်ခြင်းငှာ မတတ်နိုင်ပါ။ သို့ဖြစ်၍ သင်မေးလိုသော ပြဿနာကိုသာ မေးပါ။ ငါဖြေကြားအံ့ဟူ၍မိန့်တော်မူလေသည်။ သူစိလောမဘီလူးလည်း ဘုရားရှင် မိန့်ကြားသည်ကို ကြားရသောအခါ ဝမ်းသာအားရဖြင့် မေးမြန်းလျှောက်ထားလေသည်။

သူစိလောမဘီလူးက "ရာဂ၊ ဒေါသတို့သည် ဘယ်အကြောင်းကြောင့် ဖြစ်ပေါ်သနည်း။

> ❝ ရာဟုလာသည် သာမဏေဘဝမှစ၍ နံနက်အိပ်ရာထလျှင် လက်ခုပ်ဖြင့် သဲမှုန်များကိုလူးပြီးနောက် နေ့စဉ် ဘုရားရှင်ထံမှ လည်းကောင်း၊ ဥပဇ္ဈာယ် ဆရာမထေရ်တို့ထံမှ လည်းကောင်း သူ့လက်ခုပ်ဖြင့် ယူထားသော သဲမှုန်နှင့်အမျှ အဆုံးအမဩဝါဒကို ရလိုပါ၏ဟူ၍ ဆိုလေ့ရှိပါသည်။ ရာဟုလာသည် ဘုရားရှင်၏ အဆုံးအမကို ခံယူနာယူတတ်ပြီး ဥပဇ္ဈာယ်ဆရာမထေရ်များ၏ ဆုံးမဩဝါဒကိုလည်း နာယူတတ်သည်။ ထို့အပြင် ထိုသို့ဆုံးမသည့်အတိုင်း လိုက်နာကျင့်သုံးနေထိုင်သူဖြစ် ❞

ကောင်းမှု၌ မမွေ့လျော်ခြင်း၊ အာရုံငါးပါးတို့တွင် မွေ့လျော်ခြင်း၊ ကြောက်စိတ် ကြက်သီးမွေးညင်းထခြင်းတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ကုန်သနည်း။ မိစ္ဆာဝိတက် တရားတို့သည် အဘယ်မှ ဖြစ်ပေါ်ထကြွ၍ ကုသိုလ်စိတ်ကို လွှတ်ကုန်သနည်း" ဟူ၍ မြတ်စွာဘုရားအား မေးမြန်းလျှောက်ထားလေသည်။

ဘုရားရှင်က "သင်မေးသည့် တရားအားလုံးသည် ဆင်းရဲကိုဖြစ်စေသော ဤကိုယ်ခန္ဓာကြောင့်ပင်ဖြစ်ကြောင်း၊ ဤခန္ဓာကိုယ်ကြီးသည် သမုဒယသစ္စာ၊ တဏှာလောဘ အကြောင်းခံ၍ ဖြစ်ပေါ်ကြောင်း၊ ထိုတဏှာလောဘကို မဂ္ဂင်ရှစ်ပါး (မဂ္ဂသစ္စာ)ဖြင့် ပယ်သတ်မှသာလျှင် နိရောဓသစ္စာဟူသော နိဗ္ဗာန်သို့ ကူးမြောက်နိုင်ကြောင်း"ဟူ၍ သုံးဂါထာဖြင့် ဟောကြားတော်မူလေသည်။

ထိုဘီလူး နှစ်ဦးသည် ဘုရားရှင်၏ တရားတော်ကို နာကြားပြီးနောက် သောတာပန်ဖြစ်ကြလေသည်။ ယင်းခဏ၌ပင် ၎င်းတို့ကိုယ်မှ ကြောက်ဖွယ်သော အကျည်းတန်ရုပ်ဆိုးများ ပျောက်ကုန်၍ လှပသော နတ်အသွင်သို့ရောက်ရှိကာ ဘုမ္မစိုးနတ်စည်းစိမ်ကို ရကြလေသည်။ ဘုရားရှင်သည် ထိုနတ်ဘီလူးနှစ်ဦးကို ကယ်ချွတ်ပြီးနောက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ကြွတော်မူလေသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ဆောင်းမတ်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**တောင်ငူ ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင် ဒေသခံတောင်သူလယ်သမားများသည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိရာ စိုက်ပျိုးမြေများ ကောင်းမွန်မှုကြောင့် နွေစပါး၊ မိုးစပါးများ စိုက်ပျိုးမှုအပြင် ဆောင်းသီးနှံများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်းစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီချိန်တွင် ဝင်ငွေတိုးပွားစေရေးနှင့် စားရေရိက္ခာ ဖူလုံရေးအတွက် မတ်ပဲသီးနှံကို အားထားစိုက်ပျိုးကြကြောင်း၊ မတ်ပဲသီးနှံစိုက်ပျိုးရန် လျာထားဧကအနေဖြင့်



၁၆၈၅၃ ဧက လျာထားခဲ့ရာ အမှန်တကယ် စိုက်ဧကမှာ ၂၀၇၉၁ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားချက်ထက် ကျော်လွန်၍ ၃၉၃၈ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မတ်ပဲသီးနှံ စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တစ်ဧက ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စနစ်တကျ စိုက်ပျိုးရေးနှင့် သွင်းအားစုများ အချိုးကျ မှန်ကန်စွာ သုံးစွဲရေးတို့အတွက် ကျေးရွာများတွင် သင်တန်းများပေးခြင်း၊ ကြီးကြပ်ကူညီပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးသည့် မတ်ပဲမျိုးများအနေဖြင့် အထွက်နှုန်းကောင်းမွန်သည့် TBL-9 မတ်ပဲမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး ၇၅ ရက် သက်တမ်းရှိသည့် ရေဆင်း-၄ မတ်ပဲမျိုးနှင့် ရေဆင်း-၇ မတ်ပဲမျိုးများကိုလည်း စိုက်ပျိုးကြကြောင်း၊ လက်ရှိအချိန်တွင် တောင်ငူမြို့နယ်ရှိ ကျေးရွာများ၌ စိုက်ပျိုးသည့် မတ်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ ■

## နွားထိုးကြီးမြို့နယ်တွင် ပဲစင်းငုံသီးနှံများ စတင်ထွက်ပေါ်

**နွားထိုးကြီး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်တွင် ပဲစင်းငုံသီးနှံကို သီးထပ်သီးညှပ်စနစ်ဖြင့် စိုက်ပျိုးကြပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပဲစင်းငုံစိုက်ပျိုးမှုအနေဖြင့် ၇၇၁၀၁ ဧက စိုက်ပျိုးခဲ့ပြီး ၅၁၀၂၄ ဧက ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧကပျမ်းမျှအထွက်နှုန်းအနေဖြင့် ၈ ဒသမ ၂၅ တင်းနှုန်းဖြင့် တင်းပေါင်း ၄၂၀၉၄၈ တင်း ထွက်ရှိကြောင်း သိရသည်။

ပဲစင်းငုံသီးနှံကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် အများဆုံး စိုက်ပျိုးကြပြီး မေလနှင့် ဇွန်လတို့တွင် စိုက်ပျိုးကြ၍ စိုက်ပျိုးပြီး ရှစ်လ၊ ကိုးလခန့်အကြာ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ရိတ်သိမ်းကြသည်။ ယခုအချိန်တွင် ပဲစင်းငုံသီးနှံများ စတင်ထွက်ပေါ်နေပြီဖြစ်ကြောင်း၊ သီးနှံစတင်ထွက်ပေါ်ချိန်တွင် တစ်ပိဿာလျှင် ငွေကျပ်



၅၂၀၀ ခန့် ပေါက်ဈေးရှိခဲ့ပြီး ဇန်နဝါရီလ ဒုတိယပတ်တွင် ပဲစင်းငုံ တစ်ပိဿာလျှင် ငွေကျပ် ၅၃၀၀ - ၅၄၀၀ ခန့်ဖြင့် ကုန်သည်များက ဝယ်ယူ၍ မန္တလေးမြို့သို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

# လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ကုန်သွယ်မှုအခြေအနေ

**လွယ်ဂျယ် ဇန်နဝါရီ ၂၄**

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဇန်နဝါရီ ၂၁ ရက်မှ ၂၂ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန်တန် ၂၀၀၊ ဆန်ကွဲ ၁၆၇ ဒသမ ၉ တန်၊ ကြက်သွန်နီ ၂၃၂ တန်၊ ပဲတီစိမ်း ၉၇ ဒသမ ၆ တန်၊ ဆီးခွဲခြမ်း ၂၅ တန်၊ ပဲနီကြား ၃၄ တန်၊ မြေထောက်ပဲ နှစ်တန်၊ ပဲယဉ်း ၆၈ တန်၊ ထောပတ်ပဲ ၁၃၂ တန်၊ ဖရုံသီး ၃၂ တန်၊ ဖရဲသီး ၂၂၂ ဒသမ ၅၀ တန်၊ သီဟိုဠ်စေ့ ၄၇ ဒသမ ၂၀ တန်၊ ကြံ ၄၆၅ တန်၊ တစ်သျှူးငှက်ပျော တန် ၁၁၂၀(တန်ဖိုး သုည ဒသမ ၄၀၇ ဒေါ်လာသန်း)၊ Aluminium Got ၃၃ ဒမသ ၄၉၂ တန်၊ နှမ်းနက် ၁၀၂ တန်၊ Aluminium Scrap ၂၁၂ ဒသမ ၂၂၉ တန်နှင့် မြေပဲဆန် ၆၅ ဒသမ ၆၀ တန် တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ဆန်တစ်တန်လျှင် ဒေါ်လာ ၅၆၀၊ ဆန်ကွဲတစ်တန်လျှင် ဒေါ်လာ ၄၅၀၊ ပြောင်းတစ်တန်လျှင် ဒေါ်လာ ၃၁၀၊ ဖရဲသီးတစ်တန်လျှင် ဒေါ်လာ ၁၅၀၊ တစ်သျှူးငှက်ပျောတစ်တန်လျှင် ဒေါ်လာ ၃၈၀ နှင့် ပဲတီစိမ်းတစ်တန်လျှင် ဒေါ်လာ ၆၅၀ ဖြစ်ကြောင်း သိရသည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းတွင် သံ၊ ချပ်ဖာ၊ မြက်ခင်းတုံ၊ တစ်ရှူး၊ ကုန်စုံ၊ ဖော့၊ ပလတ်စတစ်၊ စက်ပစ္စည်း၊ ကြက်အူချောင်း၊ စောင်၊ PVC ပိုက်နှင့် အဲကွန်းတို့ တင်သွင်းနိုင်ခဲ့ သည်။

သွင်းကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် စက္ကူလိပ်တစ်တန်လျှင် ဒေါ်လာ ၃၅၀၊ ပီနံအိတ် တစ်တန်လျှင် ဒေါ်လာ ၈၀၀၊ ပိတ်လိတ် တစ်တန်လျှင် ဒေါ်လာ ၅၇၀၊ ချပ်ဖာတစ်တန်လျှင် ဒေါ်လာ ၃၉၀ နှင့် ချည်ခင်တစ်တန်လျှင် ၆၆၇ ဒေါ်လာဖြစ်ကြောင်း သိရသည်။

# တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**တာချီလိတ် ဇန်နဝါရီ ၂၄**

တာချီလိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၂ ရက်တွင် ပို့ကုန်တင်ပို့မှုအနေဖြင့် ပြောင်း ၆၃၆ ဒသမ ၅၀၀ တန်၊ ထောပတ်သီး ၁၄၁ တန်၊ လိမ္မော်သီး ၁၃ ဒသမ ၂ တန်၊ ပလတ်စတစ်ဖြတ်စ ၁၈ တန်နှင့် စက္ကူဖြတ်စ တန် ၃၀ တင်ပို့နိုင်ခဲ့သည်။

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ စက်သုံးဆီနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ အဓိကတင်သွင်းလျက်ရှိရာ ဇန်နဝါရီ ၂၂ ရက်တွင် မီးခံအုတ်၊ ဓာတ်ဆီ၊ ဒီဇယ်၊ ဘိလပ်မြေမျက်နှာကြက်ပြား၊ ပလတ်စတစ်ဖျာ၊ ကြွေပြား၊ ကွန်ကရစ်အမိုးပြားတို့ တင်သွင်းခဲ့ကြောင်း သိရသည်။

## သတင်းရင်းမြစ် - စီးပွား/ကူးသန်း

**၂၄.၁.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရှောက်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၀၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၆၅၀၀ | ၄၅၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၉၅၀၀ | ၇၅၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၃၀၀ | ၁၆၅၀၀ | ၅၇၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၂၀၀ | | ၅၂၀၀ | ၁၅၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၃၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၅၅၈၅ | ၁၆၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၆၇၅၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၃၅၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၅၀၀ | | ၅၂၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၂၀၀ | ၃၃၀၀ | ၃၅၀၀ | ၄၃၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၃၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၄၇၅ | ၁၈၀၀၀ | ၃၈၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၄၀၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၇၅၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၆၅၀၀ | | ၈၀၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၅၀၀ | ၄၄၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၄၅၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၂၀၀၀ | ၅၉၇၅ | ၁၄၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၃၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၅၅၀၀ | ၁၃၀၀၀ | ၅၇၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၂၈၀၀ | ၃၀၀၀ | ၄၃၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၁၇ | မကွေး | ၃၅၅၀ | | ၆၃၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၃၀၀၀ | ၂၄၀၀ | ၁၄၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၂၄၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၇၁၀၀ | ၃၇၀၀ | ၃၁၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၆၀၀၀ | ၃၄၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၂၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၃၅၀၀ | ၄၂၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၈၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၃၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

# ကမ္ဘာပေါ်ရှိ ထိုင်းတော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဇိနဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်း





[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/အေ)၊ မြေကွက်အမှတ်(၅၄)၊ မြေကွက်တည်နေရာ–အမှတ်(၅၄)၊ ဘုရင့်နောင်လမ်း၊ ၃၉/အေ ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဦးမြတ်ကျော် (AA– ၀၂၀၁၇၉) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား [၁၂/ ကတတ(နိုင်) ဂ၁၈၀၇၄]အမည်ပေါက် ဦးမြတ်ကျော်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ထွားရင် [၁၂/ကတတ(နိုင်)ဂ၁၈၀၇၅]မှ ခင်ပွန်းဖြစ်သူ ဦးမြတ်ကျော်တွင် တရားဝင်ဇနီးအဖြစ် မိမိတစ်ဦးတည်းသာရှိကြောင်း၊ မိမိသည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်သည့်အားလျော်စွာ ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် ၎င်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ၎င်း၏ တရားဝင်ဇနီးဖြစ်သူ မိမိကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းသေစာရင်း၊ ဂရန်၊ နိုင်၊ ကတ်တို့တင်ပြ၍ ဒေါ်ထွားရင်မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းတွင် အမည်ပေါက် (ခင်ပွန်း)ဖြစ်သူ ဦးမြတ်ကျော်၏ မှတ်ပုံတင်အမှတ် ထည့်သွင်းထားခြင်းမရှိသဖြင့် ဝင်စာဖြင့် မှတ်ပုံတင်မိတ္တူတင်ပြလာပြီး ပိုင်ဆိုင်ကြောင်း မြေပုံကူးနှင့် အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှတ်(၁၁)၊ သူဌေးလမ်းနေ မောင်အာကာမင်း[၁၂/တမန(နိုင်)၁၃၀၃၁၀]၏ ဖခင်အမည်မှာ ဦးအလီယာ (ခ) ဦးစိုးတင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**အများသိစေရန်**

ဦးမိုးကျော်နှင့်ဒေါ်စန်းသီတာတို့ဝယ်ယူ ပိုင်ဆိုင်ထားသောသန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊မြေကွက်အမှတ်(D-၁၈၄)၏မြေစလစ်မူရင်းပျောက်ဆုံးသွားပါသဖြင့်သက်ဆိုင်ရာသို့အကြောင်းကြားထားရှိပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ဦးမိုးကျော်
(၁၂/သကတ(နိုင်)၀၉၂၈၁၃)
ဒေါ်စန်းသီတာ
(၁၂/သကတ(နိုင်)၁၄၅၄၅၂)

## "ပျောက်ဆုံးကြောင်း"

ကျွန်တော် ဦးအောင်ဆွေဖြိုး [၇/ပမန(နိုင်)၀၀၃၉၁၇]၏ နိုင်ငံကူးလက်မှတ် အမှတ်–748900 စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၃၂၀၆၆၆၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရက်ကွက်၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ တိုက်အမှတ်-Lot-1၊ တတိယထပ်(၄-လွှာ-A)၊ အကျယ်အဝန်း(၁၃၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ရေမီးအစုံအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဦးဇော်လင်းအောင်[၅/ရဒန(နိုင်)၀၆၀၈၁၉]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်အေး[၁၂/တမန(နိုင်)၀၁၆၈၃၃]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်သန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၆၆)**
**အမှတ်(A-3A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊**
**(၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ Ph: 09-454153474**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ(၁၆)၊ လူနေရပ်ကွက်အမှတ်(၁၈)၊ ဆရာစံလမ်း၊ မြေကွက်အမှတ်(၆၁၀/က)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးသောင်းဝင်း(ISN-၄၉၅၈၂၃)အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဦးထွန်းမင်း[၁၂/အစန(နိုင်)၁၆၅၉၆၀]မှ ဆက်စပ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချောစုသန္တာ[၁၄/ပပတ(နိုင်)၁၅၅၀၆၃]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်သန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၆၆)**
**အမှတ်(A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊**
**(၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ Ph:09-454153474**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

